မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| | | | | |
|---|---|---|---|---|
| အမှတ် ၄၇] | ရန်ကုန်မြို့ | ၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်<br>(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်) | သောကြာနေ့ | [အတွဲ ၇၅ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၄၆/ ၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

### အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အသင်းအဖွဲ့** ဆိုသည်မှာ ပြည်တွင်းအသင်းအဖွဲ့နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ကို ဆိုသည်။

(ဂ) **ပြည်တွင်းအသင်းအဖွဲ့** ဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့်အညီ အကျိုးအမြတ်မယူဘဲ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော နိုင်ငံသားများစုပေါင်းဖွဲ့စည်းပြီး ဤဥပဒေအရ မှတ်ပုံတင်ထားသည့် အစိုးရမဟုတ်သောအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသည့် ယင်း၏ ရုံးခွဲများလည်း ပါဝင်သည်။

(ဃ) **အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့** ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် တရားဝင်ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းက ယင်း၏ရုံးခွဲအဖြစ် မြန်မာနိုင်ငံသား အနည်းဆုံး ၄၀ ရာခိုင်နှုန်းပါဝင်သော အမှုဆောင်အဖွဲ့ဝင်များဖြင့် နိုင်ငံတော်အတွင်း အကျိုးအမြတ်မယူဘဲ လူမှုရေးလုပ်ငန်းတစ်ရပ်ရပ်ကိုဆောင်ရွက်ရန် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် ဤဥပဒေအရ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ထားသည့် အဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်အတွင်း ဖွင့်လှစ်ထားသည့် ယင်း၏ရုံးခွဲများလည်း ပါဝင်သည်။

(င) **မှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊ ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှတ်ပုံတင်ရေးအဖွဲ့၊ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ သို့မဟုတ် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ကို ဆိုသည်။

(စ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က အသင်းအဖွဲ့အဖြစ် အသိအမှတ်ပြုထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသည့် ယာယီမှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်တို့လည်းပါဝင်သည်။

(ဆ) **လူမှုရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး သို့မဟုတ် သာသနာရေးဆိုင်ရာ ကဏ္ဍများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောယှက်ခြင်းမရှိဘဲ အများအကျိုးအတွက် ရည်ရွယ်၍ မည်သည့်အကျိုးအမြတ်ကိုမျှ ရယူဆောင်ရွက်ခြင်းမရှိသော လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွားအတွက် ဆောင်ရွက်သည့် လူမှုအဖွဲ့အစည်း၏ အကျိုးပြုပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလည်း ပါဝင်သည်။

(ဇ) **အသင်းအဖွဲ့၏တာဝန်ရှိသူ** ဆိုသည်မှာ ပြည်တွင်းအသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် အမှုဆောင်အဖွဲ့ဝင်ကိုလည်းကောင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့၏ အကြီးအကဲ၊ တာဝန်ခံ၊ ရုံးခွဲတာဝန်ခံ သို့မဟုတ် အမှုဆောင်အဖွဲ့ဝင်ကိုလည်းကောင်း၊ သက်ဆိုင်ရာအသင်းအဖွဲ့၏ လုပ်ငန်းတစ်ရပ်ရပ်ကို တာဝန်ယူဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲစာဖြင့် တာဝန်ပေးအပ်ခြင်း ခံရသည့် အသင်းဝင်တစ်ဦးဦးကိုလည်းကောင်း ဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ယင်း၏ လက်အောက်ရှိ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့်အညီ အသင်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နိုင်စေရန်၊

(ခ) အသင်းအဖွဲ့ကို ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ရရှိနိုင်ရန်၊

(ဂ) အသင်းအဖွဲ့ကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပေးခြင်းဖြင့် ယင်းတို့၏ ရပ်တည်ခွင့်ကို အကာအကွယ်ပေးနိုင်ရန်၊

(ဃ) အသင်းအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် လှုပ်ရှားမှုများအတွက် ဥပဒေနှင့်အညီ အထောက်အပံ့များ ရှာဖွေခွင့်၊ လက်ခံခွင့်နှင့် သုံးစွဲခွင့်များရရှိရန်နှင့် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းထံမှ ဥပဒေနှင့်အညီ အကူအညီများရယူနိုင်ရန်၊

(င) အသင်းအဖွဲ့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အသင်းအဖွဲ့ဖြစ်ပေါ်စေရေးအတွက် စောင့်ကြပ်ကြည့်ရှုသည့် စနစ်တစ်ရပ်ထူထောင်နိုင်ရန်၊

(စ) နိုင်ငံတော်နှင့် နိုင်ငံသားများကိုအကျိုးပြုသော အသင်းအဖွဲ့အဖြစ် ခိုင်မာအားကောင်းစေရန်။

## အခန်း (၃)

## မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ဤဥပဒေနှင့်အညီ အသင်းအဖွဲ့ကို ကြီးကြပ်ခြင်းနှင့် မှတ်ပုံတင်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ မှတ်ပုံတင်ရေးအဖွဲ့များကို ဖွဲ့စည်းရမည်–

(က) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊

(ဂ) ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့၊

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှတ်ပုံတင်ရေးအဖွဲ့၊

(င) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊

(စ) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့။

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(၁) ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(ဂ) ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့သည် ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦး — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) ညွှန်ကြားရေးမှူး ပြည်ထောင်စုနယ်မြေ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦး — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) ဒုတိယညွှန်ကြားရေးမှူး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(င) ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) လက်ထောက်ညွှန်ကြားရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(စ) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(ဆ) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) နှင့် (စ) တို့အရ ဖွဲ့စည်းထားသော မှတ်ပုံတင်ရေးအဖွဲ့များကို သက်ဆိုင်ရာဖွဲ့စည်းခွင့်ရှိသူတို့က သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာအသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ်လျှောက်ထားမှုကို စိစစ်ခွင့်ပြုခြင်း၊ ခွင့်မပြုကြောင်း ဆုံးဖြတ်ခြင်းနှင့် မှတ်ပုံတင်လက်မှတ်ကိုပယ်ဖျက်ခြင်း၊

(ခ) သက်ဆိုင်ရာအသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလျှောက်ထားမှုကို စိစစ်ခွင့်ပြုခြင်းနှင့် ခွင့်မပြုကြောင်းဆုံးဖြတ်ခြင်း၊

(ဂ) အသင်းအဖွဲ့အား ဥပဒေနှင့်အညီ ဆောင်ရွက်စေခြင်းနှင့် အကူအညီပေးခြင်း၊

(ဃ) အသင်းအဖွဲ့၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများအတွက် ငွေကြေးစီးဆင်းခြင်း၊ ငွေကြေးစီမံခန့်ခွဲသုံးစွဲခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကူညီခြင်း၊ ထောက်ပံ့ခြင်းများမပြုလုပ်ရန် အသင်းအဖွဲ့အား ညွှန်ကြားခြင်း၊

(စ) အသင်းအဖွဲ့ပိုင်ငွေကြေးနှင့် ပစ္စည်းများကိုလည်းကောင်း၊ အသင်း၏ နှစ်ပတ်လည်ငွေစာရင်းရှင်းတမ်းများကိုလည်းကောင်း လိုအပ်ပါက စစ်ဆေးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၄)

## ပြည်တွင်းအသင်းအဖွဲ့ မှတ်ပုံတင်ခြင်း

၇။ ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ရရှိရန် ယင်းအသင်းအဖွဲ့၏ ဥက္ကဋ္ဌကဖြစ်စေ၊ အတွင်းရေးမှူးကဖြစ်စေ၊ အသင်းအဖွဲ့၏ မှတ်ပုံတင်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲစာဖြင့် တာဝန်ပေးအပ်ခြင်းခံရသည့် အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် အသင်းဝင်တစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အောက်ပါအချက်များနှင့်အတူ လျှောက်ထားရမည်-

(က) အသင်းအဖွဲ့အမည်၊

( ခ ) အသင်းအဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအမည်၊

( ဂ ) အသင်းအဖွဲ့တည်နေရာနှင့် ဆက်သွယ်ရန်လိပ်စာ၊

(ဃ) စတင်တည်ထောင်သည့် နေ့၊

( င ) ရည်ရွယ်ချက်၊

( စ ) လုပ်ငန်းစဉ်၊

(ဆ) ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်ဆက်စပ်သည့် အစိုးရဌာနအဖွဲ့အစည်း၏ ထောက်ခံချက်၊

( ဇ ) အမှုဆောင်ဦးရေ၊

( ဈ ) အသင်းဝင်ဦးရေ၊

(ည) အသင်းပိုင်ငွေကြေးနှင့် ပစ္စည်းစာရင်း၊

( ဋ ) ဆောင်ရွက်ခဲ့သည့် လူမှုရေးလုပ်ငန်းများ၊

( ဌ ) အသင်းအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်း၊

( ဍ ) လျှောက်ထားသည့် ရက်စွဲ၊

( ဎ ) တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကိုလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်။

၈။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၇ အရ လျှောက်ထားသော ပြည်တွင်းအသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှစ၍ အစိုးရရုံးပိတ်ရက်မပါ ၂၁ ရက်အတွင်း ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

( ခ ) ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးပြီးနောက် လျှောက်ထားမှုအပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ရမည်။

( ဂ ) နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ထိခိုက်နိုင်ရန်အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို ခွင့်ပြုနိုင်သည်။

(ဃ) မှတ်ပုံတင်ခြင်းကိုခွင့်ပြုရန်ဆုံးဖြတ်ပါက ဆုံးဖြတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၉။ (က) မှတ်ပုံတင်ခွင့်ရရှိသည့် ပြည်တွင်းအသင်းအဖွဲ့သည်-

(၁) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က သတ်မှတ်ထားသောကာလအတွင်း မှတ်ပုံတင်ကြေးကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ပေးသွင်း၍ ပေးသွင်းပြီးကြောင်းအထောက်အထားကို ပြသပြီး မှတ်ပုံတင်လက်မှတ်ကို ထုတ်ယူရမည်။

(၂) မှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူရာတွင် ယာယီမှတ်ပုံတင်လက်မှတ်ကို တစ်ပါတည်း ပြန်လည်အပ်နှံရမည်။

(ခ) ယာယီမှတ်ပုံတင်လက်မှတ်ကို အပ်နှံနိုင်ခြင်းမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူမှုမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားမတင်ပြနိုင်လျှင်ဖြစ်စေ ထုတ်ပေးထားပြီးဖြစ်သည့် ယာယီမှတ်ပုံတင်လက်မှတ်နှင့် ခွင့်ပြုထားသည့် မှတ်ပုံတင်လက်မှတ်တို့သည် သတ်မှတ်ကာလကျော်လွန်ပါက ပယ်ဖျက်ပြီးဖြစ်သည်။

၁၀။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကိုခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခြင်းကိုခွင့်မပြုကြောင်းပြန်ကြားစာကို ယင်းသို့ ဆုံးဖြတ်သည့်နေ့မှစ၍ အောက်ဖော်ပြပါ သတ်မှတ်ရက်အတွင်းလျှောက်ထားသည့် ပြည်တွင်းအသင်းအဖွဲ့ထံ ပြန်ကြားရမည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ | ၃၀ ရက် |
| (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့ | ၃၀ ရက် |
| (ဂ) | ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့ | ၃၀ ရက် |
| (ဃ) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှတ်ပုံတင်ရေးအဖွဲ့ | ၁၅ ရက် |
| (င) | ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ | ၁၅ ရက် |
| (စ) | မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ | ၁၅ ရက် |

၁၁။ (က) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခြင်းကိုခွင့်မပြုကြောင်း ပြန်ကြားစာလက်ခံရရှိသည့် ပြည်တွင်းအသင်းအဖွဲ့သည် ယင်းပြန်ကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ခွင့်မပြုသောအကြောင်းရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းများပြုလုပ်၍ ပြန်လည် လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပြန်လည်လျှောက်ထားမှုအပေါ် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်းဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

(ဂ) ပြည်တွင်းအသင်းအဖွဲ့သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လျှောက်ထားမှုကို ခွင့်မပြုခြင်းအပေါ် ပုဒ်မခွဲ (က) အရ ပြန်လည်လျှောက်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ပုဒ်မခွဲ (ခ) အရ ခွင့်မပြုကြောင်းဆုံးဖြတ်ခြင်းခံရလျှင်ဖြစ်စေ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က

ထိုသို့ ဆုံးဖြတ်သည့်နေ့မှစ၍ ယင်းအသင်းအဖွဲ့အား ထုတ်ပေးထားသော ယာယီမှတ်ပုံတင် လက်မှတ်သည် ပယ်ဖျက်ပြီးဖြစ်သည်။

(ဃ) မှတ်ပုံတင်လက်မှတ်လျှောက်ထားမှုကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ဆုံးဖြတ်ခြင်းခံရသော ပြည်တွင်းအသင်းအဖွဲ့သည် မည်သည့်မှတ်ပုံတင်ရေး အဖွဲ့တွင်မျှ မှတ်ပုံတင်ခွင့်မရှိစေရ။

၁၂။ (က) ပြည်တွင်းအသင်းအဖွဲ့သည်-

(၁) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေး ကျပ် သုံးသိန်းကို ပေးသွင်းရမည်။

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားခြင်း အတွက် မှတ်ပုံတင်ကြေး ကျပ် တစ်သိန်းကို ပေးသွင်းရမည်။

(၃) ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေး ကျပ် တစ်သိန်းကို ပေးသွင်းရမည်။

(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေး ကျပ် ငါးသောင်းကို ပေးသွင်းရမည်။

(၅) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေး ကျပ် ငါးသောင်းကို ပေးသွင်းရမည်။

(၆) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေး ကျပ် သုံးသောင်းကို ပေးသွင်းရမည်။

(ခ) (၁) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်း အသင်းအဖွဲ့သည် နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်ခွင့်ရှိသည်။

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၏ မှတ်ပုံတင်လက်မှတ် ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင် ဆောင်ရွက်ခွင့်ရှိသည်။

(၃) ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့၏မှတ်ပုံတင်လက်မှတ်ရရှိထားသောပြည်တွင်း အသင်းအဖွဲ့သည် ပြည်ထောင်စုနယ်မြေအတွင်းတွင် ဆောင်ရွက်ခွင့်ရှိသည်။

(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှတ်ပုံတင်ရေး အဖွဲ့၏ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းတွင် ဆောင်ရွက်ခွင့်ရှိသည်။

(၅) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၏ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့ သည် သက်ဆိုင်ရာခရိုင်အတွင်းတွင် ဆောင်ရွက်ခွင့်ရှိသည်။

(၆) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့၏ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်း အဖွဲ့သည် သက်ဆိုင်ရာမြို့နယ်အတွင်းတွင် ဆောင်ရွက်ခွင့်ရှိသည်။

၁၃။ မှတ်ပုံတင်ရေးအဖွဲ့တစ်ခုမှ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် အခြား မှတ်ပုံတင်ရေးအဖွဲ့တစ်ခုခုတွင် ထပ်မံမှတ်ပုံတင်ခွင့်မရှိစေရ။

၁၄။ (က) မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ရပ်တည်ဆောင်ရွက်လိုပါက သက်တမ်းကုန်ဆုံးမည့် နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင် လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန်လျှောက်ထားသော ပြည်တွင်းအသင်းအဖွဲ့သည် ပုဒ်မခွဲ (က) နှင့်အညီ သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ လျှောက်ထားခြင်းမရှိပါက သတ်မှတ်ထားသော ဒဏ်ကြေးများကို သက်ဆိုင်ရာမြန်မာ့စီးပွားရေး ဘဏ်သို့ပေးသွင်းပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားရမည်။ ဒဏ်ကြေးပေးဆောင်ပြီးသော ပြည်တွင်းအသင်းအဖွဲ့အား မှတ်ပုံတင် လက်မှတ်သက်တမ်းတိုးခွင့်ပြုကြောင်း ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်တမ်းတိုး မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

(ဂ) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် လာရောက်လျှောက်ထားသည့် ပြည်တွင်း အသင်းအဖွဲ့သည် မှတ်ပုံတင်အသစ်လျှောက်ထားသကဲ့သို့ ပြန်လည်လျှောက်ထားရမည်။

(ဃ) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးရန်လျှောက်ထားသော ပြည်တွင်းအသင်းအဖွဲ့ကို ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) ပါ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုနိုင်သည်။

(င) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုရန်ဆုံးဖြတ်ပါက လျှောက်ထားသော ပြည်တွင်း အသင်းအဖွဲ့အား သတ်မှတ်ထားသောကာလအတွင်း မှတ်ပုံတင်ကြေးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ပေးသွင်းပြီး ပေးသွင်းပြီးကြောင်းအထောက်အထားကိုပြသလျှင် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

(စ) သက်တမ်းတိုးမှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူမှုမရှိလျှင်ဖြစ်စေ၊ သက်တမ်းတိုး မှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားမတင်ပြနိုင်လျှင်ဖြစ်စေ ခွင့်ပြုထားပြီး ဖြစ်သည့် သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ပြီးဖြစ်သည်။

၁၅။ (က) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့ သည် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းအတွက် သက်တမ်းတိုးမှတ်ပုံတင်ကြေး ကျပ် တစ်သိန်းကို ပေးသွင်းရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းအတွက် သက်တမ်းတိုးမှတ်ပုံတင်ကြေး ကျပ် ငါးသောင်း ကို ပေးသွင်းရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှတ်ပုံတင်ရေးအဖွဲ့ သို့မဟုတ် ခရိုင်မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းအတွက် သက်တမ်းတိုးမှတ်ပုံတင်ကြေး ကျပ် သုံးသောင်းကို ပေးသွင်းရမည်။

(ဃ) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းအတွက် သက်တမ်းတိုးမှတ်ပုံတင်ကြေး ကျပ် တစ်သောင်းကို ပေးသွင်းရမည်။

၁၆။ (က) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်ရရှိရန် လျှောက်ထားသော ပြည်တွင်းအသင်းအဖွဲ့သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်မပြုပါက ယင်းသို့ ခွင့်မပြုကြောင်း ပြန်ကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ ခွင့်မပြုသောအကြောင်းရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းတို့ကိုပြုလုပ်၍ ပြန်လည်လျှောက်ထား နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပြန်လည်လျှောက်ထားမှုအပေါ် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်မပြုကြောင်းဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

(ဂ) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ဆုံးဖြတ်ခြင်းခံရသော ပြည်တွင်းအသင်းအဖွဲ့သည် မည်သည့်မှတ်ပုံတင်ရေး အဖွဲ့တွင်မျှ မှတ်ပုံတင်ခွင့်မရှိစေရ။

## အခန်း (၅)
## အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ မှတ်ပုံတင်ခြင်း

၁၇။ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ရရှိရန် ယင်းအသင်းအဖွဲ့၏ အကြီးအကဲကဖြစ်စေ၊ တာဝန်ခံကဖြစ်စေ၊ အသင်းအဖွဲ့၏လုပ်ငန်းတစ်ရပ်ရပ်ကို တာဝန်ယူဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲစာဖြင့် တာဝန်ပေးအပ်ခြင်းခံရသည့် အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် အသင်းဝင် တစ်ဦးဦးကဖြစ်စေ အောက်ပါအချက်များနှင့်အတူ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထား ရမည်-

(က) အသင်းအဖွဲ့အမည်၊

(ခ) အသင်းအဖွဲ့၏ နောက်ခံသမိုင်းအကျဉ်း၊

(ဂ) အသင်းအဖွဲ့အခြေစိုက်နိုင်ငံရှိ အသင်းအဖွဲ့၏ အကြီးအကဲအမည်၊

(ဃ) နိုင်ငံတော်အတွင်းရှိ အသင်းအဖွဲ့၏ တာဝန်ခံအမည်၊

(င) အသင်းအဖွဲ့အခြေစိုက်သည့်ရုံး၏ တည်နေရာနှင့် ဆက်သွယ်ရန်လိပ်စာ၊

(စ) အသင်းအဖွဲ့အခြေစိုက်နိုင်ငံ၊

(ဆ) အသင်းအဖွဲ့အခြေစိုက်နိုင်ငံတွင် အသိအမှတ်ပြုထားသည့် အထောက်အထား၊

(ဇ) အသင်းအဖွဲ့အခြေစိုက်နိုင်ငံရှိ အသင်းအဖွဲ့စည်းမျဉ်း၊

(ဈ) နားလည်မှုစာချွန်လွှာ(မူကြမ်း)၊

(ည) နိုင်ငံတော်အတွင်းရှိ အသင်းအဖွဲ့၏ ရုံးခွဲတာဝန်ခံအမည်၊

(ဋ) အမှုဆောင်အဖွဲ့ဝင်ဦးရေ-

(၁) မြန်မာနိုင်ငံသားဦးရေ၊

(၂) နိုင်ငံခြားသားဦးရေ။

(ဌ) အသင်းဝင်ဦးရေ၊

(ဍ) နိုင်ငံတော်အတွင်းရှိ အသင်းအဖွဲ့ရုံးခွဲ၏ ဆက်သွယ်ရန်လိပ်စာ၊

(ဎ) နိုင်ငံတော်အတွင်းဆောင်ရွက်မည့် လူမှုရေးလုပ်ငန်းနှင့် ယင်းတို့၏ ဘဏ္ဍာငွေအရင်းအမြစ်၊

(ဏ) ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်ဆက်စပ်သည့် အစိုးရဌာနအဖွဲ့အစည်း၏ ထောက်ခံချက်၊

(တ) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ထောက်ခံချက်၊

(ထ) နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သဘောထားတောင်းခံထားသည့်စာ၊

(ဒ) လုပ်ငန်းဆောင်ရွက်မည့် နယ်မြေရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်၊

(ဓ) နိုင်ငံတော်အတွင်းဖွင့်လှစ်ထားသည့် ရုံးခွဲအသီးသီး၏ တာဝန်ခံအမည်၊

(န) နိုင်ငံတော်အတွင်းဖွင့်လှစ်ထားသည့် ရုံးခွဲအရေအတွက်နှင့် ယင်းတို့၏ ဆက်သွယ်ရန်လိပ်စာ၊

(ပ) လျှောက်ထားသည့် ရက်စွဲ၊

(ဖ) တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကိုလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်။

၁၈။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၁၇ အရ လျှောက်ထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှစ၍ အစိုးရရုံးပိတ်ရက်မပါ ၂၁ ရက်အတွင်း ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

(ခ) ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးပြီးနောက် လျှောက်ထားမှုအပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ရမည်။

(ဂ) နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်ရန်အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ်မှတ်ပုံတင်ခြင်းကို ခွင့်ပြုနိုင်သည်။

(ဃ) မှတ်ပုံတင်ခြင်းကိုခွင့်ပြုရန်ဆုံးဖြတ်ပါက ဆုံးဖြတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၉။ (က) မှတ်ပုံတင်ခွင့်ရရှိသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည်-

(၁) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က သတ်မှတ်ထားသောကာလအတွင်း မှတ်ပုံတင်ကြေး ကျပ်ငါးသိန်းကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ပေးသွင်း၍ ပေးသွင်းပြီးကြောင်းအထောက်အထားကိုပြသပြီး မှတ်ပုံတင်လက်မှတ်ကို ထုတ်ယူရမည်။

(၂) မှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူရာတွင် ယာယီမှတ်ပုံတင်လက်မှတ်ကို တစ်ပါတည်း ပြန်လည်အပ်နှံရမည်။

( ခ ) ယာယီမှတ်ပုံတင်လက်မှတ်ကိုအပ်နှံခြင်းမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်လာရောက်ထုတ်ယူမှုမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားမတင်ပြနိုင်လျှင်ဖြစ်စေ ထုတ်ပေးထားပြီးဖြစ်သည့် ယာယီမှတ်ပုံတင်လက်မှတ်နှင့် ခွင့်ပြုထားသည့် မှတ်ပုံတင်လက်မှတ်တို့သည် သတ်မှတ်ကာလကျော်လွန်ပါက ပယ်ဖျက်ပြီးဖြစ်သည်။

၂၀။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်းဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခြင်းကိုခွင့်မပြုကြောင်း ပြန်ကြားစာကို ယင်းသို့ဆုံးဖြတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ထံ ပြန်ကြားရမည်။

၂၁။ (က) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခြင်းကိုခွင့်မပြုကြောင်း ပြန်ကြားစာလက်ခံရရှိသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် ယင်းပြန်ကြားစာလက်ခံရရှိသည့်နေ့မှရက်ပေါင်း၃၀အတွင်းပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ခွင့်မပြုသောအကြောင်းရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းများပြုလုပ်၍ ပြန်လည်လျှောက်ထားနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ပြန်လည်လျှောက်ထားမှုအပေါ် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်းဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

( ဂ ) အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်လျှောက်ထားမှုကို ခွင့်မပြုခြင်းအပေါ် ပုဒ်မခွဲ (က) အရ ပြန်လည်လျှောက်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ပုဒ်မခွဲ (ခ) အရခွင့်မပြုကြောင်းဆုံးဖြတ်ခြင်းခံရလျှင်ဖြစ်စေ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က ထိုသို့ဆုံးဖြတ်သည့်နေ့မှစ၍ ယင်းအသင်းအဖွဲ့အား ထုတ်ပေးထားသော ယာယီမှတ်ပုံတင်လက်မှတ်သည် ပယ်ဖျက်ပြီးဖြစ်သည်။

၂၂။ (က) မှတ်ပုံတင်လက်မှတ်ရရှိထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ရပ်တည်ဆောင်ရွက်လိုပါက သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားရမည်။

( ခ ) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန်လျှောက်ထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် ပုဒ်မခွဲ (က) နှင့်အညီ သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ လျှောက်ထားခြင်းမရှိပါက သတ်မှတ်ထားသောဒဏ်ကြေးများကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ပေးသွင်းပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားရမည်။ ဒဏ်ကြေးပေးဆောင်ပြီးသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အား မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်ပြုကြောင်း ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

( ဂ ) မှတ်ပုံတင်လက်မှတ်သက်တမ်းကုန်ဆုံးပြီးနောက် လာရောက်လျှောက်ထားသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် မှတ်ပုံတင်အသစ်လျှောက်ထားသကဲ့သို့ ပြန်လည်လျှောက်ထားရမည်။

(ဃ) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ လျှောက်ထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အား ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ) ပါ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုနိုင်သည်။

( င ) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုရန်ဆုံးဖြတ်ပါက လျှောက်ထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အား သတ်မှတ်ထားသောကာလအတွင်း မှတ်ပုံတင်ကြေး ကျပ် သုံးသိန်းကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ပေးသွင်းပြီး ပေးသွင်းပြီးကြောင်း အထောက်အထားကိုပြသလျှင် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က သက်တမ်းတိုး မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

( စ ) သက်တမ်းတိုးမှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူမှုမရှိလျှင်ဖြစ်စေ၊ သက်တမ်းတိုးမှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားမတင်ပြနိုင်လျှင်ဖြစ်စေ ခွင့်ပြုထားပြီးဖြစ်သည့် သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ပြီးဖြစ်သည်။

၂၃။ (က) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်ရရှိရန် လျှောက်ထားသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်မပြုပါက ယင်းသို့ခွင့်မပြုကြောင်း ပြန်ကြားစာလက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ခွင့်မပြုသောအကြောင်းရင်းနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းတို့ကို ပြုလုပ်၍ ပြန်လည်လျှောက်ထားနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ပြန်လည်လျှောက်ထားမှုအပေါ် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က သက်တမ်းတိုးခွင့်မပြုကြောင်းဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၄။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်လျှောက်ထားမှုကို ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ ခွင့်မပြုကြောင်း သို့မဟုတ် မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားမှုကို ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) အရ

ခွင့်မပြုကြောင်းဆုံးဖြတ်ခြင်းခံရသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် မှတ်ပုံတင် လက်မှတ်ရရှိရန် ထပ်မံလျှောက်ထားခွင့်မရှိစေရ။

၂၅။ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဝင်ရောက်စွက်ဖက်ပါဝင်လှုပ်ရှားကြောင်း တွေ့ရှိရပါက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် ယင်းအသင်းအဖွဲ့ကို ချက်ချင်းဖျက်သိမ်းနိုင်သည်။

## အခန်း (၆)

## မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်ခြင်းမရှိသော အဖွဲ့အစည်းများ

၂၆။ ဤဥပဒေအရ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် သက်ဆိုင်ခြင်းမရှိသော အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဘာသာရေး၊ သာသနာရေး၊ စီးပွားရေး၊ နိုင်ငံရေးကိစ္စရပ်များကို တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၊

(ခ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားရမည့် နိုင်ငံရေးပါတီများ၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊

(ဃ) ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် သို့မဟုတ် ပြည်ထောင်စုနယ်မြေအဆင့် အစိုးရဌာနအဖွဲ့အစည်းများမှ ဖွဲ့စည်းထားသော ကော်မတီ သို့မဟုတ် အဖွဲ့အစည်းများ။

## အခန်း (၇)

## အသင်းအဖွဲ့၏ အခွင့်အရေးနှင့် တာဝန်များ

၂၇။ မှတ်ပုံတင်လက်မှတ်ရရှိထားသောအသင်းအဖွဲ့၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်ကခွင့်ပြုသော အထောက်အပံ့ကို ရယူခွင့်၊

(ခ) ဥပဒေနှင့်အညီ အသင်းအဖွဲ့၏ဆောင်ရွက်မှုများအတွက် အစိုးရဌာနအဖွဲ့အစည်းများက ပေးအပ်သည့် အထောက်အပံ့ရယူခွင့်၊

(ဂ) နိုင်ငံခြားအစိုးရ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့၊ ပြည်တွင်းအသင်းအဖွဲ့၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်ကပေးအပ်သည့် အထောက်အပံ့ကို ဥပဒေနှင့်အညီရယူခွင့်၊

(ဃ) ဥပဒေနှင့်အညီ လှူဒါန်းမှုများအား လက်ခံနိုင်ခွင့်၊ ရန်ပုံငွေဖွင့်လှစ်တည်ထောင်နိုင်ခွင့်၊ ဘဏ်စာရင်းဖွင့်လှစ်နိုင်ခွင့်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်၊

(င) တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့်၊

(စ) မိမိအသင်းအဖွဲ့၏ အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့ကို သက်ဆိုင်ရာဥပဒေနှင့်အညီ မူပိုင်ရယူခွင့်နှင့် အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသည့်ကာလအတွင်း စဉ်ဆက်မပြတ်ဆက်ခံနိုင်ခွင့်၊

(ဆ) ဥပဒေနှင့်အညီ အကာအကွယ်ရယူနိုင်ခွင့်နှင့် ရပ်တည်လှုပ်ရှားခွင့်၊

(ဇ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ နိုင်ငံတော်မှသဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသအဖြစ် ကြေညာထားသည့်ဒေသသို့ အရေးပေါ်အကူအညီပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နယ်မြေကျော်လွန် ဆောင်ရွက်နိုင်ခွင့်။

၂၈။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့က လိုက်နာရမည့်တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် အချက်အလက်များကို မှားယွင်းဖော်ပြခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့် လွဲမှားစွာ ဖော်ပြခြင်းမပြုရန်၊

(ခ) အသင်းအဖွဲ့၏ အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့ကိုသုံးစွဲ ရာတွင် အောက်ပါတို့နှင့်ထပ်တူဖြစ်စေခြင်း၊ ဆင်တူယိုးမှားဖြစ်စေခြင်းမပြုရန်-

(၁) နိုင်ငံတော်၊ အစိုးရဌာနအဖွဲ့အစည်းများမှ တရားဝင်အသုံးပြုလျက်ရှိသည့် အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံ၊

(၂) မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့၏ အမည်နှင့် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ်၏ အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံ၊

(၃) တစ်နိုင်ငံလုံး၊ တိုင်းရင်းသားလူမျိုးစုတစ်ရပ်၊ လူမျိုးစုအားလုံး သို့မဟုတ် လုပ်ငန်းနယ်ပယ်တစ်ခုလုံးကို ကိုယ်စားပြုဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရယူထားသောအမည်။

(ဂ) ခွင့်ပြုထားသည့် မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များကို ပြင်ဆင်ပြောင်းလဲခြင်းနှင့် မှတ်ပုံတင်လက်မှတ်ကို အခြားအသင်းအဖွဲ့အား လွှဲပြောင်းခြင်းမပြုရန်၊

(ဃ) အသင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ မှတ်ပုံတင်လက်မှတ်ရယူထားခြင်းမပြုရန်၊

(င) သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ ထောက်ခံချက်အရ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ခွင့်ပြုထားသည့် ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို ကျော်လွန်ဆောင်ရွက်ခြင်းမပြုရန်၊

(စ) အသင်းအဖွဲ့၏ အမည်ကိုအသုံးပြု၍ အစိုးရဌာနအဖွဲ့အစည်း၏ လုပ်ငန်းတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ဝင်ရောက်စွက်ဖက်စေခြင်း သို့မဟုတ် ဝင်ရောက်စွက်ဖက်ခွင့်ရှိသူအဖြစ် အများပြည်သူအား လိမ်လည်လှည့်ဖြားခြင်းမပြုရန်၊

(ဆ) ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ပြုစုထားသော နှစ်ပတ်လည်အစီရင်ခံစာကို မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့်

လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) ဖြင့်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့သည် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ပြုစုထားသော နှစ်ပတ်လည်အစီရင်ခံစာကို စာရင်းကိုင် သို့မဟုတ် အမှုဆောင်အဖွဲ့ဝင် သုံးဦးပါဝင်သည့် စာရင်းစစ်အဖွဲ့ဖြင့်လည်းကောင်း စစ်ဆေးထားသော ငွေစာရင်းရှင်းတမ်းနှင့်အတူ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ နှစ်စဉ် ပြက္ခဒိန်နှစ်ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၆၀ အတွင်း မပျက်မကွက်တင်ပြရန်နှင့် အစီရင်ခံစာမိတ္တူကို ထောက်ခံချက်ထုတ်ပေးထားသည့် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းသို့လည်းတင်ပြရန်၊

( ဇ ) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ကဖြစ်စေ၊ ယင်း၏တာဝန်ပေးအပ်ချက်အရ ဆောင်ရွက်ရသည့် အစိုးရဌာနအဖွဲ့အစည်းကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့ကို စစ်ဆေးခြင်း၊ စာတမ်းအမှတ်အသားများတောင်းယူကြည့်ရှုခြင်း သို့မဟုတ် စုံစမ်းမေးမြန်းခြင်းကို ခွင့်ပြုရန်၊

( ဈ ) မှတ်ပုံတင်လက်မှတ်ရရှိထားသောအသင်းအဖွဲ့သည် ခွင့်ပြုစဉ်ကဖော်ပြခဲ့သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲဆောင်ရွက်လိုလျှင်ဖြစ်စေ၊ တိုးချဲ့ဆောင်ရွက်လိုလျှင်ဖြစ်စေ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်ဆက်စပ်သော သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ ထောက်ခံချက်များနှင့်အတူ တင်ပြခွင့်ပြုချက်ရယူရန်၊

(ည) အသင်းအဖွဲ့ ဖျက်သိမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အသင်းလိပ်စာပြောင်းလဲခြင်း၊ အသင်းအဖွဲ့၏ ရုံးခွဲ သို့မဟုတ် နိုင်ငံတော်အတွင်းဖွင့်လှစ်ထားသည့် အသင်းအဖွဲ့၏ ရုံးခွဲဖွင့်လှစ်ခြင်း သို့မဟုတ် အကြောင်းအမျိုးမျိုးကြောင့် အမှုဆောင်အဖွဲ့ဝင်ပြောင်းလဲခြင်းပြုလုပ်လိုပါက သတ်မှတ်ချက်များနှင့် အညီ စိစစ်မှတ်တမ်းတင်ထားပြီးဖြစ်သည့် အမှုဆောင်အဖွဲ့ဝင်များ၏ ထက်ဝက်ကျော် သဘောတူဆုံးဖြတ်ချက်နှင့်အတူ ဆုံးဖြတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူရန်၊

( ဋ ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့်အညီ နိုင်ငံတော်မှ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသအဖြစ် ကြေညာထားသည့်ဒေသများသို့ အရေးပေါ်အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်လိုသည့်အသင်းအဖွဲ့သည် ပေးကမ်းလှူဒါန်းမည့် ငွေကြေး၊ ပစ္စည်းအရေအတွက်၊ ပစ္စည်း၏ ခန့်မှန်းတန်ဖိုးနှင့် ဆောင်ရွက်မည့်လုပ်ငန်းတို့ကိုဖော်ပြ၍ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့သို့ ခွင့်ပြုချက်ရယူရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( ဌ ) အသင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို သုံးလလျှင် တစ်ကြိမ် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ တင်ပြရန်၊

( ဍ ) အသွားအလာကန့်သတ်ထားသည့်နယ်မြေများတွင် ဆောင်ရွက်လိုပါက သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် လုံခြုံရေးအဖွဲ့များ၏ ခွင့်ပြုချက်ရယူ၍ ပူးပေါင်းဆောင်ရွက်ရန်၊

( ဎ ) အကူအညီပေးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ထောက်ပံ့ခံရသည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့အား ခွဲခြားမှုဖြစ်စေမည့်၊ အန္တရာယ်ဖြစ်စေမည့် သို့မဟုတ် ဥပဒေနှင့်မညီသည့် ဆောင်ရွက်ချက်များကို ရှောင်ကြဉ်ရန်၊

(ဏ) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်၊

(တ) တည်ဆဲဥပဒေများကို လိုက်နာရန်၊

(ထ) နိုင်ငံတော်၏ ပြည်တွင်းရေး သို့မဟုတ် နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်ရန်။

## အခန်း (၈)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၉။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ) သို့မဟုတ် (တ) ပါ တာဝန်တစ်ရပ်ရပ်ကို အသင်းအဖွဲ့က လိုက်နာရန်ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိလျှင် ယင်းအသင်းအဖွဲ့ကိုအောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) သတိပေးခြင်း၊

(၂) အသင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်ကို ကာလသတ်မှတ်၍ ကန့်သတ်ခြင်း၊

(၃) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(၄) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

(ခ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ထ) ပါ တာဝန်ကို အသင်းအဖွဲ့က လိုက်နာရန်ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိလျှင် ယင်းအသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ်အား ပယ်ဖျက်သည့် အမိန့်ကို ချမှတ်ရမည်။

၃၀။ (က) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ပုဒ်မ ၂၉ အရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် ချမှတ်သော အမိန့်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိပါက ကျေနပ်မှုမရှိသော အသင်းအဖွဲ့၏ တာဝန်ရှိသူ သို့မဟုတ် အသင်းအဖွဲ့သည် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တစ်ဆင့်မြင့် မှတ်ပုံတင်ရေးအဖွဲ့ထံ အယူခံဝင်ရောက်နိုင်သည်။

(ခ) တစ်ဆင့်မြင့်မှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံဝင်ရောက်မှုကိုစိစစ်ပြီး သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) အယူခံမှုကိုဆုံးဖြတ်သော တစ်ဆင့်မြင့်မှတ်ပုံတင်ရေးအဖွဲ့၏ အမိန့်သည် အပြီးအပြတ်ဖြစ်သည်။

၃၁။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က ပုဒ်မ ၂၉ အရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် ချမှတ်သော အမိန့်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိပါက ကျေနပ်မှုမရှိသော အသင်းအဖွဲ့၏ တာဝန်ရှိသူ သို့မဟုတ် အသင်းအဖွဲ့သည် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ထံ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားနိုင်သည်။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က ပြန်လည်သုံးသပ်ပြီး ချမှတ်သောအမိန့်သည် အပြီးအပြတ်ဖြစ်သည်။

၃၂။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) အစိုးရဌာနအဖွဲ့အစည်းတစ်ရပ်ရပ်က ပုဒ်မ ၅၀ အရ အကြောင်းကြားလာလျှင် ယင်းအကြောင်းကြားခံရသည့် အသင်းအဖွဲ့၏ ဆောင်ရွက်ချက်များကို စိစစ်ရမည်။

( ခ ) ပုဒ်မခွဲ (က) နှင့်အညီ စိစစ်ရာတွင် အသင်းအဖွဲ့၏ ဆောင်ရွက်ချက်များသည် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသင့်သည့်ကိစ္စဖြစ်လျှင် ပုဒ်မ ၂၉ တို့ပါ စီမံခန့်ခွဲရေးနည်းလမ်းနှင့်အညီ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

( ဂ ) ပုဒ်မခွဲ (က) နှင့်အညီစိစစ်ရာတွင် အသင်းအဖွဲ့၏ ဆောင်ရွက်ချက်များသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူသင့်သည့်ကိစ္စဖြစ်ကြောင်းတွေ့ရှိပါက သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## အခန်း (၉)

## တားမြစ်ချက်များ

၃၃။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ အသင်းအဖွဲ့ကို ဖွဲ့စည်းလှုပ်ရှားခြင်းမပြုရ။

၃၄။ မည်သူမျှ မှတ်ပုံတင်လက်မှတ် သက်တမ်းကျော်လွန်၍ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ပြီးနောက်ဖြစ်စေ အသင်းအဖွဲ့ကို ဆက်လက်ရပ်တည်ခြင်းမပြုရ။

၃၅။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိသော အသင်းအဖွဲ့တွင် အသင်းဝင်အဖြစ်ပါဝင်ခြင်း၊ ဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် အယောင်ဆောင်ခြင်းမပြုရ။

၃၆။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မျှ အသင်းအဖွဲ့၏အမည်ကိုအသုံးပြု၍ နိုင်ငံရေးပါတီတစ်ခုအတွက်သော်လည်းကောင်း၊ ကိုးကွယ်ရာဘာသာတစ်ခုအတွက်သော်လည်းကောင်း၊ အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွားအတွက်ဆောင်ရွက်သည့် လူမှုအဖွဲ့အစည်းအကျိုးပြုပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းထက်ကျော်လွန်သည့် အကျိုးအမြတ်တစ်စုံတစ်ရာအတွက်သော်လည်းကောင်း ဟောပြောခြင်း၊ စည်းရုံးဆွဲဆောင်ခြင်းမပြုရ။

၃၇။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မျှ ငွေကြေး၊ ပစ္စည်း သို့မဟုတ် အကူအညီတစ်ရပ်ရပ်ကို တရားမဝင်သောနည်းလမ်းဖြင့် ရယူခြင်း၊ လွှဲပြောင်းခြင်း၊ သုံးစွဲခြင်း၊ ထောက်ပံ့ခြင်း၊ ယင်းကဲ့သို့သော ဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ဖုံးကွယ်ခြင်း သို့မဟုတ် ထိမ်ချန်ခြင်း မပြုရ။

၃၈။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မျှ အောက်ပါအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းမပြုရ-

(က) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်သည့် အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊

( ခ ) အကြမ်းဖက်လုပ်ရပ်များကိုကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊

( ဂ ) မတရားအသင်းနှင့် ယင်းမတရားအသင်း၏ အဖွဲ့ဝင်များ။

၃၉။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မျှ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေသည့် ဆောင်ရွက်မှုများမပြုရ။

## အခန်း (၁၀)

## ပြစ်ဒဏ်များ

၄၀။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၄ သို့မဟုတ် ၃၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၄၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မဆို ပုဒ်မ ၃၆ သို့မဟုတ် ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်သော အသင်းအဖွဲ့၏တာဝန်ရှိသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် မည်သည့်အသင်းအဖွဲ့မဆို ပုဒ်မ ၃၈ သို့မဟုတ် ၃၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်သော အသင်းအဖွဲ့၏ တာဝန်ရှိသူကို ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုကျူးလွန်သည့်အသင်းအဖွဲ့ကို ဖျက်သိမ်းခြင်းနှင့် အသင်းအဖွဲ့ပိုင်ငွေကြေးနှင့်ပစ္စည်းများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းအမိန့်တို့ကို ချမှတ်ရမည်။

## အခန်း (၁၁)

## အထွေထွေ

၄၄။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့အား မှတ်ပုံတင်လက်မှတ်ခွင့်ပြုခြင်း၊ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းတို့ကို ဥပဒေနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန် ကြိုတင်စိစစ်ခြင်း၊ လိုအပ်သည့် စာရွက်စာတမ်းများတောင်းခံခြင်း၊ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့နှင့်စပ်လျဉ်းသည့် တိုင်ကြားစာစိစစ်ခြင်းများကိုဆောင်ရွက်ရန်နှင့် လိုအပ်သောရုံးလုပ်ငန်းကိစ္စများကိုဆောင်ရွက်ရန် သက်ဆိုင်ရာဦးစီးဌာနအား တာဝန်ပေးဆောင်ရွက်စေရမည်။ ထိုသို့ဆောင်ရွက်စေရာတွင် လိုအပ်သည့် ကုန်ကျစရိတ်များကို သက်ဆိုင်ရာဦးစီးဌာနက ကျခံရမည်။

၄၅။ ပုဒ်မ ၄၄ အရ တာဝန်ပေးခံရသည့် သက်ဆိုင်ရာဦးစီးဌာနသည်-

(က) အသင်းအဖွဲ့နှင့်စပ်လျဉ်းသည့် တိုင်ကြားစာကိုစိစစ်ရာတွင် မှန်ကန်မှုရှိကြောင်းတွေ့ရှိရပါက စီမံခန့်ခွဲရေး နည်းလမ်းအရဖြစ်စေ၊ တည်ဆဲဥပဒေအရဖြစ်စေ အရေးယူသင့်ကြောင်း သက်ဆိုင်ရာမှတ်ပုံတင်ရေး အဖွဲ့ထံ ပြန်လည်တင်ပြရမည်။

(ခ) တိုင်ကြားစာသည် မှန်ကန်မှုမရှိကြောင်းတွေ့ရှိရပါက ယင်းတိုင်ကြားစာကို မှတ်တမ်းအဖြစ်ထားရှိသင့်ကြောင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံ ပြန်လည်တင်ပြရမည်။

၄၆။ မှတ်ပုံတင်ရေးအဖွဲ့ကဖြစ်စေ၊ ယင်း၏တာဝန်ပေးအပ်ချက်အရ ဆောင်ရွက်ရသည့် အစိုးရဌာနအဖွဲ့အစည်းကဖြစ်စေ၊ဦးစီးဌာနကဖြစ်စေ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့ကိုစစ်ဆေးခြင်း၊ စာတမ်းအမှတ်အသားများ တောင်းယူကြည့်ရှုခြင်း သို့မဟုတ် စုံစမ်းမေးမြန်းခြင်းကို ဆောင်ရွက်နိုင်သည်။

၄၇။ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ခွင့်ပြုသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။

၄၈။ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းများ ပေါ်ပေါက်ပါက သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း မှတ်ပုံတင်လက်မှတ် မိတ္တူထုတ်ပေးရန် လျှောက်ထားရမည်။

၄၉။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့အား မှတ်ပုံတင်လက်မှတ်ကိုထုတ်ပေးခြင်း၊ ခွင့်မပြုကြောင်းဆုံးဖြတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့်အခါ အများပြည်သူသိရှိစေရန် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ထုတ်ပြန်ကြေညာရမည်။

၅၀။ အသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ်လျှောက်ထားစဉ်က ထောက်ခံချက်ပေးသည့် အစိုးရဌာနအဖွဲ့အစည်း သို့မဟုတ် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် အစိုးရဌာနအဖွဲ့အစည်းသည် သက်ဆိုင်ရာအသင်းအဖွဲ့က စည်းကမ်းလိုက်နာမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ရန်ဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားစွဲဆိုရန်ဖြစ်စေ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အကြောင်းကြားနိုင်သည်။

၅၁။ အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းခွင့်တင်ပြလာသော အသင်းအဖွဲ့ သို့မဟုတ် ယာယီမှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့မှအပ မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်းခံရသည့် အသင်းအဖွဲ့သည် ယင်းအသင်းအဖွဲ့၏ ကျန်ရှိသောပိုင်ဆိုင်မှုများကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ဌာနအဖွဲ့အစည်းသို့ သတ်မှတ်သည့်နည်းလမ်းအတိုင်း အပ်နှံရမည်-

(က) သတ်မှတ်ချက်များနှင့်အညီ စိစစ်မှတ်တမ်းတင်ထားပြီးဖြစ်သည့် အသင်းအဖွဲ့ရှိ အမှုဆောင်အဖွဲ့ဝင်အားလုံး၏ ဆန္ဒအလျောက်ဖျက်သိမ်းလိုခြင်း၊

(ခ) သတ်မှတ်ချက်များနှင့်အညီ စိစစ်မှတ်တမ်းတင်ထားပြီးဖြစ်သည့် အသင်းအဖွဲ့ရှိ အမှုဆောင်အဖွဲ့ဝင်အရေအတွက်၏ ထက်ဝက်ကျော်မှ ဖျက်သိမ်းရန်တောင်းဆိုခြင်း၊

(ဂ) အသင်းအဖွဲ့အား ဖျက်သိမ်းရန် တရားရုံးက အမိန့်ချမှတ်ခြင်း။

၅၂။ ဤဥပဒေအရချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုများသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၅၃။ အသင်းအဖွဲ့၏အမည်ကို ပြောင်းလဲခြင်းဖြင့် ယင်းအသင်းအဖွဲ့၏ မူလအခွင့်အရေးနှင့် တာဝန်များသည် ပြောင်းလဲမှုမရှိစေရ။

၅၄။ မှတ်ပုံတင်လက်မှတ်ရရှိသည့် အသင်းအဖွဲ့သည် တားမြစ်ချက်တစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက ယင်း၏မှတ်ပုံတင်လက်မှတ်ကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅၅။ ဤဥပဒေအာဏာမတည်မီက မှတ်ပုံမတင်ဘဲ ဖွဲ့စည်းထားသော အသင်းအဖွဲ့များသည် ဤဥပဒေ နှင့်အညီ အသင်းအဖွဲ့အဖြစ် ဆက်လက်ရပ်တည်လှုပ်ရှားဆောင်ရွက်လိုပါက ဤဥပဒေပြဋ္ဌာန်းပြီးသည့်နောက် ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားရမည်။

၅၆။ (က) ဤဥပဒေအာဏာမတည်မီက အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၃၁/၂၀၁၄) အရ မှတ်ပုံတင်၍ဖွဲ့စည်းထားရှိသော အသင်းအဖွဲ့ များသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကိုလိုက်နာလျက် မှတ်ပုံတင်လက်မှတ်သက်တမ်း ကုန်ဆုံးသည်အထိ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ အသင်းအဖွဲ့များသည် မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပါက ဤဥပဒေနှင့်အညီ အသင်းအဖွဲ့အဖြစ် ဆက်လက်ရပ်တည် လှုပ်ရှားဆောင်ရွက်လိုလျှင် မှတ်ပုံတင်လက်မှတ် ပြန်လည်လျှောက်ထားရမည်။

၅၇။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁/၂၀၁၄) အရထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၅၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊ ပြည်ထောင်စုနယ်မြေမှတ်ပုံတင်ရေးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှတ်ပုံတင်ရေးအဖွဲ့တို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၉။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁/၂၀၁၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၄၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေးကော်မရှင်ကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော "အမျိုးသားပညာရေးမူဝါဒကော်မရှင်" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဃ) နှင့် (ဋ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ** ဆိုသည်မှာ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် ဝန်ကြီးဌာနက သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဋ) **တက္ကသိုလ်ကောင်စီ** ဆိုသည်မှာ သက်ဆိုင်ရာတက္ကသိုလ်၏ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ၎င်းတို့နှင့် အဆင့်တူညီသောပုဂ္ဂိုလ်များ၊ မဟာဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများအပါအဝင် သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်စာတမ်းအရ ဖွဲ့စည်းသည့် ကောင်စီကို ဆိုသည်။"

(ဃ) ပုဒ်မခွဲ (အ) ၏ နောက်တွင် ပုဒ်မခွဲ (ကက) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ကက) **အမျိုးသားပညာရေးအဆင့်မူဘောင်** ဆိုသည်မှာ ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုနှင့် အရည်အသွေးအဆင့်အတန်းတို့ကို သတ်မှတ်နိုင်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကရေးဆွဲ၍ ဝန်ကြီးဌာနက အတည်ပြုထားသည့် မူဘောင်ကို ဆိုသည်။"

၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ခ ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေများ ရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များနှင့် ပြည်သူလူထု၏ အကြံပြုချက်များကို ရယူရေး၊"

( ခ ) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

( ဂ ) ပုဒ်မခွဲ (ည)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများသည် ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ လွတ်လပ်သော စီမံခန့်ခွဲရေးစနစ်ကို ဦးတည်ဆောင်ရွက်ရေး၊"

(ဃ) ပုဒ်မခွဲ (ဏ) တွင်ပါရှိသော "ပညာရေးအဆင့်အတန်း" ဆိုသည့် စကားရပ်အစား "အမျိုးသားပညာရေး အဆင့်မူဘောင်နှင့်အညီ ပညာရေးအဆင့်အတန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အမျိုးသားပညာရေးဥပဒေ အခန်း (၄) တွင်-

(က) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"အမျိုးသားပညာရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ တာဝန်ဝတ္တရားများ"**

( ခ ) ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ (က) အစိုးရအဖွဲ့သည် အမျိုးသားပညာရေးကော်မရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) အစိုးရအဖွဲ့က ရွေးချယ်သော ပညာရှင် (၁) ဦး၊

(၂) ဝန်ကြီးဌာနက ရွေးချယ်သော ပညာရှင် (၁) ဦး၊

(၃) အခြေခံပညာရေးကဏ္ဍမှ ပညာရှင် (၁) ဦး၊

(၄) အဆင့်မြင့်ပညာရေးကဏ္ဍမှ ပညာရှင် (၁) ဦး၊

(၅) နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍမှ ပညာရှင်(၁)ဦး၊

(၆) ဆရာအတတ်သင်ပညာရေးကဏ္ဍမှ ပညာရှင်(၁) ဦး၊

(၇) လူတိုင်းအကျုံးဝင်ပညာရေးကဏ္ဍမှ ပညာရှင် (၁) ဦး၊

(၈) သင်ရိုးညွှန်းတမ်း ပညာရှင် (၁) ဦး၊

(၉) ဥပဒေပညာရှင် (၁) ဦး၊

(၁၀) ဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၂) ဦး။

( ခ ) ကော်မရှင်၏ ဥက္ကဋ္ဌကို ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်တင်မြှောက်ရမည်။

( ဂ ) ကော်မရှင်၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့၏ တာဝန်ကို ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ဆောင်ရွက်စေရမည်။

(ဃ) အစိုးရအဖွဲ့သည် လိုအပ်ပါက ကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

( င ) ကော်မရှင်၏ သက်တမ်းသည် သာမန်အားဖြင့် ငါးနှစ် ဖြစ်သည်။

၆။ ကော်မရှင်၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာမူဝါဒများ၊ ပညာရေးဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် အကြံပြုခြင်း၊

(ခ) ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများအပေါ် အကြံပြုခြင်း၊

(ဂ) ပြည်တွင်း ပြည်ပနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာရေးအတွက် အားပေးကူညီအကြံပြုခြင်း၊

(ဃ) ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ လူမှုစီးပွားဘဝမြင့်မားရေးဆိုင်ရာလုပ်ငန်းများတွင် အားပေးကူညီအကြံပြုခြင်း၊

(င) ကျောင်းများတွင် ကောင်းမွန်သော အရည်အသွေး စီမံခန့်ခွဲမှုစနစ်များ ဖြစ်ပေါ်လာစေရေးအတွက် အားပေးကူညီအကြံပြုခြင်း။"

(ဂ) ပုဒ်မ ၇ နှင့် ပုဒ်မ ၁၀ တို့ကို ပယ်ဖျက်ရမည်။

၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) အကြောင်းအမျိုးမျိုးကြောင့် မူလတန်းအဆင့်ပညာရေးကို သင်ယူခွင့်မရရှိခဲ့သော သို့မဟုတ် သင်ယူပြီးမြောက်မှုမရှိခဲ့သော အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း ကလေးများသည် ကျောင်းပြင်ပ မူလတန်းပညာရေးကို သင်ယူရမည်။"

၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၆။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်သော စီမံခန့်ခွဲရေးစနစ်ကို ဦးတည်ဆောင်ရွက်ရမည်။"

၇။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ ကို ပယ်ဖျက်ရမည်။

၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၈ တွင်-

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်ကောင်စီက တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။"

(ခ) ပုဒ်မခွဲ (ဃ) တွင်ပါရှိသော "ပညာရေး" ဆိုသည့် စကားရပ်ကို "ပညာရပ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၀ တို့တွင်ပါရှိသော "ကော်မရှင်" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "ကော်မရှင်က ဖွဲ့စည်းပေးသော" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ခ ) အခြေခံပညာအဆင့်တွင် မြန်မာဘာသာစကားကို စာသင်ခန်းသုံး ဘာသာစကားအဖြစ် အသုံးပြုရမည်။"

၁၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်တွင် ဆောင်ရွက်နိုင်သည်။"

၁၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (စ) ကို ပယ်ဖျက်ရမည်။

၁၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၄ ကို အောက်ပါအတိုင်း အစားထိုးမည်-

"၅၄။ ပညာရေးအဆင့်တိုင်းတွင်-

(က) ပညာအရည်အသွေးအာမခံမှု အစီအစဉ်တစ်ရပ်ရှိရမည်။

( ခ ) ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့် အတွင်းအရည်အသွေး စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်နှင့် ပြင်ပမှ အရည်အသွေးစစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်တို့ ပါဝင်ရမည်။

( ဂ ) အရည်အသွေးခိုင်မာမှုအတွက် စစ်ဆေးအကဲဖြတ်ရမည့် နည်းလမ်းများကို ဝန်ကြီးဌာနက သတ်မှတ်ရမည်။"

၁၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၅။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီသည် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ဂ) ပါ ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။"

၁၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၆ တွင်-

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် သက်ဆိုင်ရာ အဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်။"

( ခ ) ပုဒ်မခွဲ (ခ) ၏ နောက်၌ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"( ဂ ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် အမျိုးသားပညာရေး ရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာမူဝါဒများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်သုံးသပ်ရမည်။"

၁၇။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၇ တွင်-

(က) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

( ခ ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ပုဒ်မခွဲ (ခ) ပါ အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်အဆင့်မြင့်ပညာကျောင်းများတွင် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ကောင်စီကို သက်ဆိုင်ရာတက္ကသိုလ် အသီးသီး၏ ပဋိညာဉ်စာတမ်းနှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်။"

၁၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၈။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပညာရေးဆိုင်ရာမူဝါဒများကို ရေးဆွဲ၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်း၊

( ခ ) အမျိုးသားပညာရေး ရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာမူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၊ အခြားလိုအပ်သော ကော်မတီ၊ ကောင်စီနှင့် အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးခြင်း၊

( ဂ ) ပညာရေးအရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် ယင်းတို့ကို အကောင်အထည်ဖော်မည့် စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှု စီမံကိန်းချမှတ်ခြင်းကို အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော်မှုကို ပံ့ပိုးခြင်း၊

(ဃ) သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒများ၊ မဟာဗျူဟာများနှင့် ယင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲခြင်း၊

( င ) ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဆောင်ရွက်သော ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွမ်းကျင်သူ၊ နည်းပညာ၊ ဘဏ္ဍာရေးနှင့် ကျောင်းတည်ထောင်ဖွင့်လှစ်မှုများကို အကူအညီ ပေးခြင်းနှင့် ပညာရေးဆိုင်ရာ အရည်အသွေးစံနှုန်းများ တစ်ပြေးညီဖြစ်စေရန်အတွက် ပံ့ပိုး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

( စ ) ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သည့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ နှင့်အညီ အသုံးပြုစေခြင်း၊

( ဇ ) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် စီမံခြင်း၊

(ဈ) ပညာသင်ယူမှုမပြီးဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှုရပ်တန့်ခဲ့ရသော ကျောင်းသား များအတွက် သင့်လျော်သော ပညာသင်ယူခွင့်တစ်ခုခု ပြန်လည်ရရှိစေရန် လိုအပ်သော အစီ အမံများ သတ်မှတ်ထားရှိခြင်း၊

(ည) အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊

( ဋ ) ပညာရေးကဏ္ဍအတွက် ပြည်တွင်း ပြည်ပမှ ငွေကြေးနှင့် အထောက်အပံ့များ ရယူသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ကြီးကြပ်လမ်းညွှန်ခြင်း၊

( ဌ ) ကျောင်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့် ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်လမ်းညွှန်ခြင်း။"

၁၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၉ တွင်ပါရှိသော "အကောင်အထည်ဖော် ဆောင်ရွက်ရမည်" ဆိုသည့် စကားရပ်အစား "စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၅။ ဝန်ကြီးဌာနသည်-

(က) ကော်မရှင်နှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။

( ခ ) ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီ၊ ကောင်စီနှင့် အဖွဲ့များ၏ ကုန်ကျစရိတ်များကို မိမိ၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။

( ဂ ) ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီ၊ ကောင်စီနှင့် အဖွဲ့များတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်း မဟုတ်သော ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။"

၂၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၉ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ခ ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ၎င်းတို့၏ သက်ဆိုင်ရာဦးစီးဌာနများသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

( ခ ) ပုဒ်မခွဲ (ခ) ၏ နောက်၌ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"( ဂ ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကောင်စီနှင့် အဖွဲ့များသည် အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၃/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင် ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|
| (က) ဦးဇော်နိုင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ( ခ ) ဦးမျိုးဇော်ဇော် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

**လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ**
**အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၄/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ** တွင်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၆/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

**(၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၂ ခုနှစ်၊ (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် **(၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ<br>ဒုတိယဝန်ကြီးချုပ် — နာယက

(ခ) ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ဂ) ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ကျန်းမာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
တိုင်းရင်းဆေးပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

၂။ (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်မှုများချမှတ်ရန်၊

(ခ) (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပနိုင်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းအလိုက် ငွေကြေးရန်ပုံငွေကို သုံးစွဲရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ညှိနှိုင်းသတ်မှတ်ရန်၊

(ဂ) လိုအပ်သော ပံ့ပိုးကူညီမှုများရရှိရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

## ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee) ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးစသည့်ကဏ္ဍအားလုံးတွင် ဒီဂျစ်တယ်နည်းပညာများကိုအသုံးပြု၍ ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေးတို့ကို တိုးတက်အောင်ဆောင်ရွက်နိုင်ရန်အတွက် **ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee)** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ — နာယက

( ခ ) ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

( ဂ ) ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ဒုတိယဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

( င ) ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

( စ ) ဒုတိယဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ် — အဖွဲ့ဝင်

( ဇ ) အမြဲတမ်းအတွင်းဝန်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) အမြဲတမ်းအတွင်းဝန်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ညွှန်ကြားရေးမှူးချုပ်
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| ( ဋ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ညွှန်ကြားရေးမှူးချုပ်<br>သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | အဖွဲ့ဝင် |
| ( ဓ ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | အဖွဲ့ဝင် |
| ( န ) | အထွေထွေအတွင်းရေးမှူးချုပ်<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| ( ပ ) | တွဲဖက်အထွေထွေအတွင်းရေးမှူး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| ( ဖ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့အာမခံလုပ်ငန်း<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး (၁) |
| ( ဗ ) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး (၂) |

၂။ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) Digital Economy ပေါ်ထွန်းလာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ ) လိုအပ်ပါက အကြံပေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် နိုင်ငံတကာမှ နည်းပညာဦးဆောင်သူများ ပါဝင်လာအောင် စီစဉ်ဖိတ်ခေါ်ခြင်း၊

( ဂ ) Digital Economy Development Master Plan ရေးဆွဲခြင်း၊

(ဃ) Digital Transform အတွက် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးခြင်း၊

( င ) Digital Startup များ ထွက်ပေါ်လာစေရန်နှင့် Digital Ecosystem ပေါ်ထွန်းလာစေရန် အားပေးကူညီခြင်း၊

( စ ) နိုင်ငံတကာ Digital Company များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခြင်း၊

(ဆ) Digital Economy အောင်မြင်စေရန် မူဝါဒများချမှတ်ရာတွင်လည်းကောင်း၊ ဥပဒေများရေးဆွဲရာတွင် လည်းကောင်း အကြံပေးခြင်း၊

( ဇ ) Hard & Soft Infrastructure နှင့် Service Infrastructure များ မြှင့်တင်တည်ဆောက်ခြင်း၊

(ဈ) အောင်မြင်သော E–Government စနစ် ဖြစ်ပေါ်လာစေရန် ပံ့ပိုးဆောင်ရွက်ခြင်း၊

(ည) Fiscal Policy နှင့် Monetary Policy ကို Digital Industry ၏ Incentives Program များအဖြစ် အသုံးပြုစေရန် အကြံပြုခြင်း၊

( ဋ ) လိုအပ်သည့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀၅/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၉၈/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

## တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့တွင် အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅၅/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် **တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး**

**ဦးဆောင်အဖွဲ့** တွင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန **အစား** ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာနတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၉/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

**၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၂ ခုနှစ်၊ ၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သော **၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီ** ကို ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| ( ဂ ) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ကောင်စီဝင်တစ်ဦး၊ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| ( င ) | အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| ( ဌ ) | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာ (မူကြမ်း) အား အချိန်မီရေးသားပြုစုတင်ပြနိုင်ရန် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် အတည်ပြုပေးခြင်း၊

(ခ) ၂၀၂၂ ခုနှစ်၊ ၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များကို ဖော်ဆောင်နိုင်မည့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသားအောင်ပွဲနေ့၏ အဓိပ္ပာယ်နှင့် အနှစ်သာရများကို လူငယ်လူရွယ်များ သိရှိနားလည်ပြီး အမျိုးသားရေးစိတ်ဓာတ် ရင့်သန်ခိုင်မာစေရေးအတွက် အမျိုးသားအောင်ပွဲနေ့ကျင်းပနိုင်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ နံနက်ပိုင်းတွင် ၁၀၂ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ Online ဖြင့် ဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များနှင့်အညီဖြစ်စေ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၁/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

**အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေး ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ပါ ဧရိယာ (၁၂) ရပ်အား သက်ဆိုင်ရာဦးစားပေးကဏ္ဍအလိုက် ထိထိရောက်ရောက် ရေးဆွဲအကောင်အထည်ဖော်ရာတွင် လုပ်ငန်းကော်မတီများကို ကြီးကြပ်လမ်းညွှန်မှုပြုနိုင်ရန်အတွက် **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေး ဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |

| | | |
|---|---|---|
| (ဂ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(ဓ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးထားသည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်စေရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ဘေဂျင်းကြေညာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်း စီမံချက်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအားအခြေခံ၍ မဟာဗျူဟာစီမံကိန်းရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာနယ်ပယ်အလိုက် လုပ်ငန်းကော်မတီများကို လိုအပ်သော လမ်းညွှန်ချက်များ ချမှတ်ပေး ရမည်။

(ခ) မဟာဗျူဟာစီမံကိန်း (မူကြမ်း) ရေးဆွဲရာ၌ လုပ်ငန်းကော်မတီများအားလုံး တစ်ပြေးညီဖြစ်စေရေးအတွက် မူဘောင်ချမှတ်ပေးရမည်။

(ဂ) မဟာဗျူဟာစီမံကိန်း (မူကြမ်း) ရေးဆွဲရာတွင် မိမိတို့သက်ဆိုင်ရာဌာနများ၏ မူဝါဒများ၊ စီမံကိန်းများနှင့် ချိတ်ဆက်၍ ကျား၊ မ ရေးရာအား ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေး သေချာစေရန် ဆောင်ရွက်ပေး ရမည်။

(ဃ) သက်ဆိုင်ရာကဏ္ဍအလိုက် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ကျား၊ မ ဆိုင်ရာကိစ္စရပ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်။

(င) သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် လုပ်ငန်းများအချိန်မီပြီးမြောက်ရေး Timeline သတ်မှတ်ပေး ရမည်။

(စ) လုပ်ငန်းကော်မတီများမှ ကဏ္ဍအလိုက်ရေးဆွဲတင်ပြသော စီမံကိန်း (မူကြမ်း) များအပေါ် ပြန်လည် သုံးသပ်ခြင်း၊ စိစစ်အတည်ပြုပေးခြင်း ဆောင်ရွက်ရမည်။

(ဆ) မဟာဗျူဟာစီမံကိန်း (မူကြမ်း) ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၃။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေးဦးဆောင်ကော်မတီသည် လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သည့်လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၂/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရအောင်ဘို ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၇၇၉/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးမိုးမြင့်<br>တ/၂၀၀၆ | မြို့နယ်တရားရုံး (မော်တော်ယာဉ်)<br>အင်းစိန်<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဦးသန့်ဇင်ဦး<br>တ/၃၀၆၅ | ကမာရွတ်<br>ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးဉာဏ်လင်းထက်<br>တ/၃၁၄၆ | ဒဂုံမြို့သစ် (အရှေ့ပိုင်း)<br>ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးကျော်သက်ဟိန်း<br>တ/၃၁၆၀ | ဒဂုံမြို့သစ် (ဆိပ်ကမ်း)<br>ရန်ကုန်တိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၅။ | ဦးအောင်မျိုးသန်း<br>တ/၃၃၁၈ | ကြံခင်း<br>ဧရာဝတီတိုင်းဒေသကြီး |
| ၆။ | ဦးထက်အာကာလှိုင်<br>တ/၃၃၆၆ | ကန်ကြီးထောင့်<br>ဧရာဝတီတိုင်းဒေသကြီး |
| ၇။ | ဒေါ်ရတနာထိုက်<br>တ/၃၃၇၇ | ဝမ်းတွင်း<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

၁။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၃/၂၀၂၂) ၏ သဘောတူညီချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ စုံစမ်းရေးမှူး (၉) ဦး တို့အား ၎င်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြပါ ရာထူး၊ လစာနှုန်းနှင့် ဌာနများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (က) | ဦးမျိုးထွန်းထွန်း | စုံစမ်းရေးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၆) | ဦးစီးအရာရှိ (စုံစမ်းစစ်ဆေးရေး)<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၆) |
| ( ခ ) | ဦးကောင်းညွန့်ထွန်း | စုံစမ်းရေးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၃) | ဦးစီးအရာရှိ (စုံစမ်းစစ်ဆေးရေး)<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၃) |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (ဂ) | ဦးထွန်းလင်း | စုံစမ်းရေးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကော်မရှင်ရုံးခွဲ (မန္တလေး) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကော်မရှင်ရုံးခွဲ (မန္တလေး) |
| (ဃ) | ဦးဇော်ဦး | စုံစမ်းရေးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၆) | ဦးစီးအရာရှိ (စုံစမ်းစစ်ဆေးရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၆) |
| (င) | ဦးဝင်းသိန်းထွန်း | စုံစမ်းရေးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၄) | ဦးစီးအရာရှိ (စုံစမ်းစစ်ဆေးရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၄) |
| (စ) | ဒေါ်နွဲ့နွဲ့မူ | စုံစမ်းရေးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကော်မရှင်ရုံးခွဲ (မန္တလေး) | ဦးစီးအရာရှိ (စုံစမ်းစစ်ဆေးရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၃) |
| (ဆ) | ဦးတင့်ထွန်းနိုင် | စုံစမ်းရေးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၁) | ဦးစီးအရာရှိ (စုံစမ်းစစ်ဆေးရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၁) |
| (ဇ) | ဦးဇော်မင်းသိန်း | စုံစမ်းရေးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကော်မရှင်ရုံးခွဲ (တောင်ကြီး) | ဦးစီးအရာရှိ (စုံစမ်းစစ်ဆေးရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကော်မရှင်ရုံးခွဲ (တောင်ကြီး) |
| (ဈ) | ဦးရဲမောင် | စုံစမ်းရေးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၂) | ဦးစီးအရာရှိ (စုံစမ်းစစ်ဆေးရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၂) |

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ အရ တိုးမြှင့်ခန့်ထားသည့် ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

သန်းဆွေ

ဥက္ကဋ္ဌ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်ကွန်ဒို၊ ဂျန်းရှင်း (၈)၊ ဘီတာဝါ ပဉ္စမထပ်၊ အခန်းအမှတ် (၅၀၈) တိုက်ခန်း (၁) ခန်းကို လွှဲပြောင်းရောင်းချခြင်း**

၁။ ၈-၉-၂၀၂၂ ရက်နေ့နှင့် ၉-၉-၂၀၂၂ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်၏ (၁၂) ကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်ကွန်ဒို၊ ဂျန်းရှင်း (၈)၊ ဘီတာဝါ ပဉ္စမထပ်၊ အခန်းအမှတ် (၅၀၈) တိုက်ခန်း (၁) ခန်းကို အမြင့်ဆုံးဈေးနှုန်း ကျပ် ၁၈၈.၈၈၈ သန်းဖြင့် အဆိုပြုသူ ဦးရန်ရဲစိမ်းသို့ ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဦးရန်ရဲစိမ်းသည် အဆိုပါ တိုက်ခန်းတန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း ငွေကျပ် ၁၈၈.၈၈၈ သန်းကို ၂၀-၁၀-၂၀၂၂ ရက်နေ့တွင် အကျေပေးသွင်းပြီးဖြစ်ပါသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဦးရန်ရဲစိမ်းသို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်း ပေးရန်ဖြစ်ပါသည်။

၃။ ဦးရန်ရဲစိမ်းအနေဖြင့် နိုင်ငံတော်ပိုင် တိုက်ခန်းကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည်ဖြစ်ပါသည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်ကွန်ဒို၊ ဂျန်းရှင်း (၈)၊ ဘီတာဝါ ပဉ္စမထပ်၊ အခန်းအမှတ် (၅၀၈) တိုက်ခန်း (၁) ခန်းကို ဝယ်ယူသူ ဦးရန်ရဲစိမ်း၏အမည်ပေါက် ဆောင်ရွက်ပေးရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

မောင်မောင်ဝင်း

တွဲဖက်အတွင်းရေးမှူး

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ**

**(ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

**(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ဖြည့်စွက်ဖွဲ့စည်းခြင်း**

၁။ ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အခမ်းအနားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ** အောက်တွင် **မိန့်ခွန်းနှင့် သဝဏ်လွှာပြုစုရေးလုပ်ငန်းကော်မတီ** အား ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

၂။ မိန့်ခွန်းနှင့် သဝဏ်လွှာပြုစုရေးလုပ်ငန်းကော်မတီ၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဖွဲ့စည်းမှု**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၇) အထွေထွေမန်နေဂျာ — အဖွဲ့ဝင်
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

(၈) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(၉) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(၁၀) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်ထောင်စုလွှတ်တော်ရုံး

(၁၁) အဖွဲ့ဝင် — အဖွဲ့ဝင်
မြန်မာ့သမိုင်းအဖွဲ့

(၁၂) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

(၁၃) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၁၄) ဒုတိယအမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
ဝန်ကြီးရုံး
ပညာရေးဝန်ကြီးဌာန

## ( ခ ) လုပ်ငန်းတာဝန်

(၁) (၇၅) နှစ်မြောက် စိန်ရတု လွှတ်လပ်ရေးနေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့မည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာ (မူကြမ်း) ကို ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပြီးနောက် ဆောလျင်စွာ ရေးသားပြုစုပြီး သဝဏ်လွှာနှင့် မိန့်ခွန်းများ စိစစ်တည်းဖြတ်ရေးအဖွဲ့သို့ တင်ပြသွားရန်၊

(၂) (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားမည့် မိန့်ခွန်းကို ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပြီးနောက် ဆောလျင်စွာ ရေးသားပြုစုပြီး သဝဏ်လွှာနှင့် မိန့်ခွန်းများ စိစစ်တည်းဖြတ်ရေးအဖွဲ့သို့ တင်ပြသွားရန်၊

(၃) သဝဏ်လွှာနှင့် မိန့်ခွန်းများစိစစ်တည်းဖြတ်ရေးအဖွဲ့၏ အတည်ပြုချက်ရရှိပါက ဗဟိုကော်မတီသို့ တင်ပြပြီး ပုံနှိပ်၍ သက်ဆိုင်ရာသို့ အချိန်မီဖြန့်ဝေပေးနိုင်ရေးဆောင်ရွက်ရန်။

၃။ လုပ်ငန်းကော်မတီသည် လုပ်ငန်းတာဝန်များ စနစ်တကျဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

ဇော်သန်းသင်း

အတွင်းရေးမှူး

(၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့သည့် **အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ** တွင် ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့အား အဖွဲ့ဝင်များအဖြစ် ထပ်မံဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)

အောင်ထွန်းခိုင်၊ အတွင်းရေးမှူး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားစံချိန်စံညွှန်းကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

**မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း**

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း (၅၈) ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်လိုက်သည်–

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၁။ | MMS IEC 61851–1:2017 လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းစနစ်–အပိုင်း ၁ – အထွေထွေ လိုအပ်ချက်များ၊ |
| ၂။ | MMS IEC 61851–21–1:2017 လျှပ်စစ်သုံးယာဉ် လျှပ်ကူးအားသွင်းစနစ်–အပိုင်း ၂၁–၁– အေစီ/ဒီစီ ပို့ပေးရန် လျှပ်ကူးချိတ်ဆက်မှုအတွက် လျှပ်စစ်သုံးယာဉ်ပေါ်ရှိ အားသွင်းကိရိယာ၏ လျှပ်စစ်သံလိုက်လှိုင်း တွဲဖက်အသုံးပြုနိုင်မှု (အီးအမ်စီ) လိုအပ်ချက်၊ |
| ၃။ | MMS IEC 61851–21–2:2018 လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းစနစ်–အပိုင်း ၂၁–၂– အေစီ/ဒီစီ ပို့ပေးရန် လျှပ်ကူးချိတ်ဆက်မှုအတွက် လျှပ်စစ်သုံးယာဉ်လိုအပ်ချက်များ – ပြင်ပရှိ လျှပ်စစ်သုံးယာဉ် အားသွင်းစနစ်အတွက် လျှပ်စစ်သံလိုက်လှိုင်း တွဲဖက်အသုံးပြုနိုင်မှု (အီးအမ်စီ) လိုအပ်ချက်၊ |
| ၄။ | MMS IEC 61851–23:2014 လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းစနစ်–အပိုင်း ၂၃–ဒီစီ လျှပ်စစ်ယာဉ် ဓာတ်အားသွင်းရုံ၊ |
| ၅။ | MMS IEC 61851–24:2014 လျှပ်စစ်ယာဉ် လျှပ်ကူးအားသွင်းစနစ်– အပိုင်း ၂၄– ဒီစီ အားသွင်းခြင်းအား ထိန်းချုပ်ရန်အတွက် လျှပ်စစ်သုံးယာဉ်နှင့် ဒီစီလျှပ်စစ်သုံးယာဉ် ဓာတ်အားသွင်းရုံတို့အကြားရှိ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးလိုင်း၊ |
| ၆။ | MMS IEC 61851–25:2020 လျှပ်စစ်သုံးယာဉ် လျှပ်ကူးအားသွင်းစနစ်– အပိုင်း ၂၅– လျှပ်စစ်ပိုင်းခြားမှု အပေါ်မူတည်သည့် အကာအကွယ်ပြုသော ဒီစီလျှပ်စစ်သုံးယာဉ် လျှပ်စစ်ပေးပို့ကိရိယာ၊ |

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၇။ | MMS IEC 62196–3:2014 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့် ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – အပိုင်း ၆ – ဒီစီငုတ်၊ အေစီ/ဒီစီ ငုတ်နှင့် လျှပ်စီးကြောင်းကိုပံ့ပိုးသည့် ယာဉ်ချိတ်ဆက်ကိရိယာများအတွက် တွဲဖက်အသုံးပြုနိုင်သည့် အတိုင်းအတာ လိုအပ်ချက်များ၊ |
| ၈။ | MMS IEC 62196–6:2022 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့် ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – အပိုင်း ၆ – လျှပ်စစ်ပိုင်းခြားမှုကို မူတည်သည့် အကာအကွယ်ပြုသော ဒီစီလျှပ်စစ်သုံးယာဉ် ထောက်ပံ့ပေးသောကိရိယာအတွက် အသုံးပြုရန် ရည်ရွယ်ထားသော ဒီစီငုတ်နှင့် လျှပ်စီးကြောင်းကိုပံ့ပိုးသည့် ယာဉ်ချိတ်ဆက်ကိရိယာများအတွက် တွဲဖက်အသုံးပြုနိုင်သည့် အတိုင်းအတာလိုအပ်ချက်များ၊ |
| ၉။ | MMS IEC 62660–1:2018 လျှပ်စစ်ယာဉ်များကို မောင်းနှင်မှုအတွက် အသုံးပြုသည့် ဆင့်ပွား လစ်သီယမ်–အိုင်းယွန်းဆဲလ်များ – အပိုင်း ၁ – စွမ်းဆောင်ရည်စမ်းသပ်ခြင်း၊ |
| ၁၀။ | MMS IEC 62660–2:2018 လျှပ်စစ်သုံးယာဉ်များကို တွန်းကန်ရန်အတွက် အသုံးပြုသည့် ဆင့်ပွား လစ်သီယမ်–အိုင်းယွန်းဆဲလ်များ–အပိုင်း ၂– ယုံကြည်စိတ်ချရမှုနှင့် ပြင်းထန်သော နည်းလမ်းများဖြင့် စမ်းသပ်ခြင်း၊ |
| ၁၁။ | MMS IEC 62660–3:2022 လျှပ်စစ်သုံးယာဉ်များကို မောင်းနှင်မှုအတွက် အသုံးပြုသည့် ဆင့်ပွား လစ်သီယမ်–အိုင်းယွန်းဆဲလ်များ – အပိုင်း ၃– ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များ၊ |
| ၁၂။ | MMS IEC TS 62840–1:2016 လျှပ်စစ်သုံးယာဉ် ဘက်ထရီလဲလှယ်မှုစနစ်–အပိုင်း ၁– အထွေထွေနှင့် လမ်းညွှန်ချက်၊ |
| ၁၃။ | MMS IEC 62840–2:2016 လျှပ်စစ်သုံးယာဉ် ဘက်ထရီလဲလှယ်မှုစနစ်–အပိုင်း ၂ – ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များ၊ |
| ၁၄။ | MMS IEC PAS 62840–3:2021 လျှပ်စစ်သုံးယာဉ် ဘက်ထရီလဲလှယ်မှုစနစ်–အပိုင်း ၃ – ဖြုတ်တပ် နိုင်ပြီး အားပြန်ဖြည့်နိုင်သော စွမ်းအင်သိုလှောင်မှုစနစ်/ဘက်ထရီစနစ်များဖြင့် ဘက်ထရီ ဖြုတ်၊ တပ်၊ လဲလှယ်ခြင်းအတွက် သီးခြားဖြစ်သော အန္တရာယ်ကင်းရှင်းခြင်းနှင့် အပြန်အလှန် ဖလှယ် သုံးစွဲနိုင်သည့် စွမ်းရည်လိုအပ်ချက်များ၊ |
| ၁၅။ | MMS IEC TS 63066:2017 ဖြုတ်တပ်နိုင်သော စွမ်းအင်သိုလှောင်မှုယူနစ်များအတွက် ဗို့အားနိမ့် ချိတ်ဆက်ပစ္စည်းများ၊ |
| ၁၆။ | MMS CXS 206:1999 နို့နှင့် နို့ထွက်ပစ္စည်းဆိုင်ရာ ဝေါဟာရအသုံးပြုမှု ယေဘုယျစံချိန်စံညွှန်း၊ |

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၁၇။ | MMS ISO 10015:2019 အရည်အသွေးစီမံခန့်ခွဲမှု – စွမ်းဆောင်ရည်စီမံခန့်ခွဲရေးနှင့် ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ချက်များ၊ |
| ၁၈။ | MMS ISO 10018:2020 အရည်အသွေးစီမံခန့်ခွဲမှု – ပြည်သူလူထုပါဝင်ဆောင်ရွက်ရေးလမ်းညွှန်မှု၊ |
| ၁၉။ | MMS ISO 22716:2007 အလှကုန်ပစ္စည်းဆိုင်ရာကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP)– ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် လမ်းညွှန်ချက်များ၊ |
| ၂၀။ | MMS WHO TRS 908:2003 ကောင်းမွန်သော ဆေးဝါးသိုလှောင်မှုကျင့်စဉ်၊ |
| ၂၁။ | MMS ASEAN Stan 28:2012 ဖူးစားပြောင်း (ပြောင်းချို) စံချိန်စံညွှန်း၊ |
| ၂၂။ | MMS ASEAN Stan 38:2014 ကန်စွန်းဥစံချိန်စံညွှန်း၊ |
| ၂၃။ | MMS ISO 7886–1:2017 ပိုးသန့်စင်ထားသော တစ်ခါသုံး ဆေးထိုးအပ်စံချိန်စံညွှန်း၊ |
| ၂၄။ | MMS ASTM D6/D6–95 (2018) ဆီနှင့် ကတ္တရာဆိုင်ရာဒြပ်ပေါင်းများ၏ အပူပေးခြင်းကြောင့် ဒြပ်ထုလျော့နည်းမှုအတွက် စံ စမ်းသပ်နည်းလမ်း၊ |
| ၂၅။ | MMS ASTM D946/D946M–20 လမ်းလွှာတည်ဆောက်ရာတွင်အသုံးပြုသည့် ကတ္တရာအပ်နစ်ဝင်မှု အဆင့် (Penetration – Graded) စံသတ်မှတ်ချက်၊ |
| ၂၆။ | MMS ISO 7–1:1994 ဝက်အူရစ်များပေါ်တွင် Pressure–tight joint ပါသည့် ပိုက်ဝက်အူရစ်များ– အပိုင်း ၁– အတိုင်းအတာများ၊ လက်ခံနိုင်သော ကွဲလွဲမှုများနှင့် ရွေးချယ်သတ်မှတ်မှုများ၊ |
| ၂၇။ | MMS ISO 7–1:1994/Cor 1:2007 ဝက်အူရစ်များပေါ်တွင် Pressure–tight joint ပါသည့် ပိုက်ဝက်အူရစ်များ–အပိုင်း ၁ – အတိုင်းအတာများ၊ လက်ခံနိုင်သော ကွဲလွဲမှုများနှင့် ရွေးချယ် သတ်မှတ်မှုများ – နည်းပညာဆိုင်ရာပြင်ဆင်ချက် (၁)၊ |
| ၂၈။ | MMS ISO 7–2:2000 ဝက်အူရစ်များပေါ်တွင် Pressure–tight joint ပါသည့် ပိုက်ဝက်အူရစ်များ အပိုင်း ၂ – စံအတိုင်းအတာစစ်ဆေးသည့် ကိရိယာများဖြင့် စိစစ်အတည်ပြုခြင်း၊ |
| ၂၉။ | MMS ISO 68–1:1998/Amd 1:2020 ISO အထွေထွေသုံးဝက်အူရစ်များ – အခြေခံသဏ္ဌာန် အပိုင်း ၁ – မက်ထရစ်စနစ်ဖြင့် တိုင်းတာသောဝက်အူရစ်များ ပြင်ဆင်ဖြည့်စွက်ချက် (၁)၊ |
| ၃၀။ | MMS ISO 68–2:1998 ISO အထွေထွေသုံးဝက်အူရစ်များ – အခြေခံသဏ္ဌာန်အပိုင်း ၂ – လက်မ စနစ်ဖြင့် တိုင်းတာသောဝက်အူရစ်များ၊ |
| ၃၁။ | MMS ISO 68–2:1998/Amd 1:2020 ISO အထွေထွေသုံးဝက်အူရစ်များ – အခြေခံသဏ္ဌာန် အပိုင်း ၂ – လက်မစနစ်ဖြင့်တိုင်းတာသော ဝက်အူရစ်များပြင်ဆင်ဖြည့်စွက်ချက် (၁)၊ |

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၃၂။ | MMS ISO 228–1:2000 ဝက်အူရစ်များပေါ်တွင် Pressure-tight joint မပါဝင်သည့် ပိုက်ဝက်အူရစ်များ အပိုင်း ၁ – အတိုင်းအတာများ၊ ကွဲလွဲမှုများနှင့် ရွေးချယ်သတ်မှတ်မှုများ၊ |
| ၃၃။ | MMS ISO 228–2:1987 ဝက်အူရစ်များပေါ်တွင် Pressure-tight joint မပါဝင်သည့် ပိုက်ဝက်အူရစ်များ အပိုင်း ၂ – စံအတိုင်းအတာစစ်ဆေးသည့် ကိရိယာများဖြင့် စိစစ်အတည်ပြုခြင်း၊ |
| ၃၄။ | MMS ISO 263:1973 ISO လက်မစနစ်ဖြင့် တိုင်းတာသောဝက်အူရစ်များ– ဝက်အူရစ်များ၊ မူလီများနှင့် နပ်များအတွက် ယေဘုယျအစီအစဉ်များနှင့် ရွေးချယ်မှုများ – အချင်း ၀.၀၆ မှ ၆ လက်မအထိ၊ |
| ၃၅။ | MMS ISO 725:2009 ISO လက်မစနစ်ဖြင့် တိုင်းတာသောဝက်အူရစ်များ – အခြေခံအတိုင်းအတာများ၊ |
| ၃၆။ | MMS ISO 965–1:2013 ISO အထွေထွေသုံးမက်ထရစ်စနစ်ဖြင့် တိုင်းတာသောဝက်အူရစ်များ– လက်ခံနိုင်သောကွဲလွဲမှု–အပိုင်း ၁ : နည်းဥပဒေသများနှင့် အခြေခံအချက်အလက်များ၊ |
| ၃၇။ | MMS ISO 1478:1999 Tapping ဝက်အူရစ်များ၊ |
| ၃၈။ | MMS ISO 1501:2009 ISO အသေးစားဝက်အူရစ်များ၊ |
| ၃၉။ | MMS ISO 1501:2009/Amd 1:2020 ISO အသေးစားဝက်အူရစ်များ ပြင်ဆင်ဖြည့်စွက်ချက် (၁) – အပြင်ဝက်အူရစ်၏ လက်ခံနိုင်သောကွဲလွဲမှု အပိုင်းအခြားအတွက်ပုံစံ၊ |
| ၄၀။ | MMS ISO 2901:2016 ISO မက်ထရစ်စနစ်ဖြင့်တိုင်းတာသော တြာပီဇီယံပုံဝက်အူရစ်များ–အခြေခံနှင့် ဒီဇိုင်းပုံစံများ၊ |
| ၄၁။ | MMS ISO 2902:2016 ISO မက်ထရစ်စနစ်ဖြင့်တိုင်းတာသော တြာပီဇီယံပုံဝက်အူရစ်များ–ယေဘုယျ အစီအစဉ်များ၊ |
| ၄၂။ | MMS ISO 2903:2016 ISO မက်ထရစ်စနစ်ဖြင့်တိုင်းတာသော တြာပီဇီယံပုံဝက်အူရစ်များ– လက်ခံနိုင်သော ကွဲလွဲမှုများ၊ |
| ၄၃။ | MMS ISO 2904:2020 ISO မက်ထရစ်စနစ်ဖြင့်တိုင်းတာသော တြာပီဇီယံပုံဝက်အူရစ်များ–အခြေခံ အတိုင်းအတာများ၊ |
| ၄၄။ | MMS ISO 5864:1993 ISO လက်မစနစ်ဖြင့်တိုင်းတာသော ဝက်အူရစ်များ–ခွင့်ပြုနိုင်မှုနှင့် လက်ခံနိုင်သော ကွဲလွဲမှုများ၊ |
| ၄၅။ | MMS ISO 9328–1:2018 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် သံပြားထုတ်ကုန်များ–နည်းပညာ ပိုင်းဆိုင်ရာ ပေးပို့မှုအခြေအနေများ–အပိုင်း ၁– အထွေထွေလိုအပ်ချက်များ၊ |

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|

၄၆။ MMS ISO 9328–2:2018 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် သံပြားထုတ်ကုန်များ–နည်းပညာပိုင်းဆိုင်ရာ ပေးပို့မှုအခြေအနေများ–အပိုင်း ၂– သတ်မှတ်ထားသည့် မြင့်မားသော အပူချိန်အလိုက် အလွိုင်းမဟုတ်သောစတီးနှင့် အလွိုင်းစတီးတို့၏ ဂုဏ်သတ္တိများ၊

၄၇။ MMS ISO 9329–1:1989 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် ဆက်ကြောင်းမပါသော စတီးကျွတ်များ– နည်းပညာပိုင်းဆိုင်ရာ ပေးပို့မှုအခြေအနေများ–အပိုင်း ၁– သတ်မှတ်ထားသည့် အခန်းအပူချိန်အလိုက် အလွိုင်းမဟုတ်သောစတီးတို့၏ ဂုဏ်သတ္တိများ၊

၄၈။ MMS ISO 9329–2:1997 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် ဆက်ကြောင်းမပါသော စတီးကျွတ်များ– နည်းပညာပိုင်းဆိုင်ရာ ပေးပို့မှုအခြေအနေများ–အပိုင်း ၂– သတ်မှတ်ထားသည့် မြင့်မားသော အပူချိန်အလိုက် အလွိုင်းမဟုတ်သောစတီးနှင့် အလွိုင်းစတီးတို့၏ ဂုဏ်သတ္တိများ၊

၄၉။ MMS ISO 16239:2013 ဝက်အူရစ်များတိုင်းတာခြင်းအတွက် metric series wires၊

၅၀။ MMS JIS G 3192:2014 အပူပေးအပြားကြိတ်ဖြတ်ပိုင်းပုံ သံမဏိအပိုင်းများ၏ အတိုင်းအတာ၊ ဒြပ်ထုနှင့် ခွင့်ပြုနိုင်သော ပြောင်းလဲချက်များ၊

၅၁။ MMS JIS G 3193:2019 အပူပေးအပြားကြိတ်သံမဏိချပ်အထူများ၊ အပြားချပ်များနှင့် အပြားလိပ်များ၏ အတိုင်းအတာ၊ ပုံသဏ္ဍာန်၊ ဒြပ်ထုနှင့် ခွင့်ပြုနိုင်သော ပြောင်းလဲချက်များ၊

၅၂။ MMS JIS G 3302:2019 သွပ်ရည်ပူစိမ် သွပ်အလွှာအုပ် သံမဏိအပြားချပ်နှင့် အပြားလိပ်များ၊

၅၃။ MMS JIS G 3312:2012 သွပ်ရည်ပူစိမ် သွပ်အလွှာအုပ်၍ ကြိုတင်ခံဆေးသုတ်ထားသော သံမဏိအပြားချက်နှင့် အပြားလိပ်များ၊

၅၄။ MMS JIS G 3321:2019 သွပ်ရည်ပူ (၅၅ % ဒန်–သွပ် သတ္တုစပ်) အလွှာအုပ်ထားသော သံမဏိအပြားချပ်နှင့် အပြားလိပ်များ၊

၅၅။ MMS JIS G 3322:2005 သွပ်ရည်ပူ (၅၅ % ဒန်–သွပ် သတ္တုစပ်) အလွှာအုပ်၍ကြိုတင်ခံဆေးသုတ်ထားသော သံမဏိအပြားချပ်နှင့် အပြားလိပ်များ၊

၅၆။ MMS JIS G 3505:2017 ကာဗွန်နည်း သံမဏိနန်းဆွဲချောင်းရှည်များ၊

၅၇။ MMS JIS G 3466:2015 အထွေထွေတည်ဆောက်မှုသုံး စတုရန်းနှင့် ထောင့်မှန်စတုဂံပုံအခေါင်းပေါက်ပါ ကာဗွန်သံမဏိပိုက်များ၊

၅၈။ MMS 33:2022 မြန်မာအော်ဂဲနစ်စံချိန်စံညွှန်း။

ဒေါက်တာ မျိုးသိန်းကျော်
ဥက္ကဋ္ဌ
အမျိုးသားစံချိန်စံညွှန်းကောင်စီ

[ ယခင်အပတ် အခွန်အယူခံခုံအဖွဲ့ ၂၀၂၂ ခုနှစ်၊ အကောက်ခွန်ပြန်လည်သုံးသပ်မှုအမှတ် – ၅ မှ အဆက် ]

လျှောက်ထားခံရသူ ဌာနဆိုင်ရာ ကိုယ်စားလှယ်၏ ချေပလျှောက်လဲချက်အပေါ် လျှောက်ထားသူ၏ အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းက ပြန်လည်ရှင်းလင်းလျှောက်လဲရာတွင် ဌာနဆိုင်ရာမှ တင်ပြခဲ့သည့် After Thought ဆိုသည့် အချက်များကို ရှင်းလင်းခြင်း ဖြစ်ပါကြောင်း၊ ယခု ပြန်လည်သုံးသပ်မှုပါ အချက်အလက်များသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၇၊ နည်း(၁) အရ New Facts များဖြစ်ပြီး အကြောင်းအရာအသစ်အနေဖြင့် ဤအခွန်အယူခံဥပဒေအရ ခွင့်ပြုချက်ပေးထား၍ တင်ပြခြင်းဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာက ပထမဆုံးတင်ပြသည့် သွင်းကုန်လိုင်စင်နှင့်စပ်လျဉ်း၍သာ အသေးစိတ်တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊ Strong Source Co., Ltd. ၏ သွင်းကုန် လိုင်စင် (၄) စောင်အပေါ် ဌာနဆိုင်ရာမှ ချေပခြင်း မပြုနိုင်ပါကြောင်း၊ ထိုကဲ့သို့ ချေပခြင်းမပြုနိုင်ခြင်းသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၈ ၊ နည်းဥပဒေ ၅ ဆိုလွှာတွင်အဆိုပြုထားသည့် အကြောင်းခြင်းရာအသီးသီးကို တရားပြိုင်၏ ချေလွှာတွင် အတိအကျဖြစ်စေ၊ မချွတ်မလွဲသဘော သက်ရောက်စေခြင်းဖြင့်ဖြစ်စေ ငြင်းကွယ်ခြင်းမပြုလျှင်သော်လည်းကောင်း၊ ဝန်ခံခြင်းမပြုကြောင်းဖော်ပြခြင်း မရှိလျှင်သော်လည်းကောင်း မစွမ်းဆောင်နိုင်သူအပေါ် အဆိုပြုသည့်မှတစ်ပါး ယင်းအဆိုပြုချက်မှန်ကန်ကြောင်းဝန်ခံခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုအမှုများတွင် တင်ပြခဲ့သည့် ID များသည် လက်တလောတွင် ရှာဖွေ မတွေ့ရှိကြောင်းကို မူလအယူခံမှုတွင်လည်းတင်ပြထားပြီးဖြစ်ပါကြောင်း၊ ယခုတင်ပြသည့် ID များ တွေ့ရှိခဲ့သဖြင့် New Facts အနေဖြင့်တင်ပြခြင်းဖြစ်ပါကြောင်း၊ ယခုတင်ပြသည့် ID များ အပေါ်တွင်လည်း ဌာနဆိုင်ရာဘက်မှချေပနိုင်ခြင်း မရှိပါကြောင်း၊ လျှောက်ထားသူဘက်မှ ID တင်ပြနိုင်သည့် ပစ္စည်း အမျိုးအမည်များအားချန်လှပ်၍ ID မတင်ပြနိုင်သည့် အမျိုးအမည်များအား ပြည်သူ့ဘဏ္ဍာအဖြစ် မသိမ်းဆည်းဘဲ ပစ္စည်းများကို ထိုက်သင့်သော ရွေးယူဒဏ်ကြေးဖြင့် ထုတ်ယူခွင့်ပြုသည့် အမိန့်တစ်ရပ် ချမှတ် ပေးစေလိုပါကြောင်းလျှောက်လဲသည်။

ခုံအဖွဲ့သည် လျှောက်ထားသူ နှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီးဖြစ်သည့်အပြင် လျှောက်ထားခံရသူက ချေပလွှာနှင့်အတူ ပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာအမှုတွဲပါစာတမ်းအမှတ်အသားများ၊ သက်သေခံချက်များ၊ အခွန်အယူခံခုံအဖွဲ့က ကြားနာခဲ့သည့် အယူခံအမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကိုသာမက တည်ဆဲဥပဒေ၊နည်းဥပဒေများ၊စည်းမျဉ်းစည်းကမ်းများ၊လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုပါ လေ့လာခဲ့သည်။

ထိုသို့လေ့လာရာ၌ အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့၏ ၁၄-၁၂-၂၀၂၀ ရက်စွဲပါ အမိန့်စာအမှတ် ၁၁-ကက(ကင်း) / ၂၀၂၀ (၀၀၁-က) ဖြင့် "တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် MI Flat TV 32" (460) လုံး ၊ MI Flat TV 43" (505) လုံး၊ MI Flat TV 55" (16) လုံး၊ MI Flat TV 65" (100) လုံး စုစုပေါင်း TV (၄) မျိုး (၁၀၈၁) လုံး ခန့်မှန်းတန်ဖိုး ကျပ် ၁၅၆,၈၀၀,၀၀၀ ခန့်အား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၇(၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းလိုက်သည်" ဟု ချမှတ်ခဲ့သည့်အမိန့်ကို မကျေနပ်သဖြင့် အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်ရောက်ခဲ့ရာ အခွန်အယူခံခုံအဖွဲ့က အကောက်ခွန်အယူခံမှုအမှတ် ၆/၂၀၂၁ ဖြင့် ကြားနာခဲ့ပြီးနောက် ၁-၂-၂၀၂၂ ရက်နေ့တွင် " အခင်းဖြစ်ပစ္စည်းများသည်သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှတင်သွင်းရမည့်ကုန်ပစ္စည်းများဖြစ်ရာ သွင်းကုန်လိုင်စင်(IL)၊ သွင်းကုန်ကြေညာလွှာ(ID) တင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင်တင်သွင်းလာခဲ့ခြင်းသည်

ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၅ (၃) နှင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်ပြီးတင်သွင်းလာမှုဖြစ်သည့်အပြင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉ အရ ပိတ်ပင်တားမြစ်ချက်များကို ဖောက်ဖျက်ခြင်းတို့ကြောင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇(၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၇(၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်ကွဲလွဲ၍ ဆောင်ရွက်ထားသည်ဟု မဆိုနိုင်ကြောင်း” ဟု သုံးသပ်လျက် အယူခံမှုကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းတွေ့ရှိရသည်။

အယူခံအမိန့်တွင် “ကုမ္ပဏီသည် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်မှုမရှိ ဟု သုံးသပ်ရပါသည်” ဟူ၍ ဖော်ပြထားသည်ကို ချေပလိုသဖြင့် YX Mobile Limited အမည်ဖြင့် အကောက်ခွန်ဦးစီးဌာနတွင် အခွန်ပေးဆောင်ပြီး တင်သွင်းခဲ့ကြောင်း လျှောက်ထားသူက တင်ပြသည့် တစ်ခုတည်းသော သွင်းကုန်ကြေညာလွှာ (ID) မှာ အခင်းဖြစ်ပစ္စည်းများနှင့် အကျုံးဝင်သက်ဆိုင်မှု မရှိကြောင်းတွေ့ရှိရသဖြင့် ကုမ္ပဏီသည် စတင်တည်ထောင်ချိန်မှ အခင်းဖြစ်သည့်အချိန်ထိ ဥပဒေ၊စည်းမျဉ်း၊စည်းကမ်းများကိုတိကျစွာလိုက်နာပြီး ခိုင်လုံသောအထောက်အထားများဖြင့်တရားဝင်တင်သွင်းခဲ့သည်ဟု မဆိုနိုင်ကြောင်းပေါ်ပေါက်သဖြင့် အယူခံအမိန့်ပါ သုံးသပ်ချက်မှားယွင်းသည် ဟု မဆိုနိုင်ကြောင်း သုံးသပ်ရရှိသည်။

လျှောက်ထားသူက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇)၊ ဇယား အမှတ်စဉ် (၂၀) ၌ "ပြည်သူ့ဘဏ္ဍာသိမ်းဆည်း" ဟူသော ပြစ်ဒဏ်ကို ဖော်ပြထားပါကြောင်း၊ “မူရင်းဥပဒေ (Substantive Law) ပါ လုပ်ပိုင်ခွင့်ထက် တစ်ဆင့်ခံဥပဒေ (Subsidiary Legislation) က ကျော်လွန်လုပ်ပိုင်ခွင့်မရှိကြောင်း” လျှောက်လဲချက်နှင့်စပ်လျဉ်း၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) တွင် "ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံထိုက်စေရမည်" (shall be liable to confiscation) ဟု ပြဋ္ဌာန်းထားပြီး ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်ထားသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇)၊ ဇယား အမှတ်စဉ် (၂၀) တွင် (IL/ IP / ID) ခွင့်ပြုချက်တွင် မပါရှိခြင်းနှင့် သွင်းကုန်လိုင်စင်ခွင့်ပြုချက်မပါရှိဘဲ တင်သွင်းခြင်းဖြစ်လျှင် ပြစ်ဒဏ်အနေဖြင့် “ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း သို့မဟုတ်(1 AV)ဒဏ်တပ်ရိုက်ခြင်း”ဟုပြဋ္ဌာန်းထားခြင်းသည် ခွင့်ပြုချက်၊သတ်မှတ်ချက်တို့နှင့်ဆန့်ကျင်ကွဲလွဲစွာတင်သွင်းလာသောသွင်းကုန်ပစ္စည်းများအပေါ်ပြစ်ဒဏ်များချမှတ်ရာတွင် တစ်ပြေးညီဖြစ်စေရန် သတ်မှတ်ထားခြင်းသာဖြစ်၍ မူရင်းဥပဒေပါလုပ်ပိုင်ခွင့်ထက် တစ်ဆင့်ခံဥပဒေကကျော်လွန်နေသည် ဟု မဆိုနိုင်ကြောင်းတွေ့ရှိရသည်။

အခင်းဖြစ်ပစ္စည်းများကို တားဆီးပြီးနောက် လျှောက်ထားသူက ရွေးယူဒဏ်ငွေများပေးဆောင်၍ ပြန်လည်ရွေးယူခွင့်ပြုပါရန်တင်ပြသည့်အတွက် အကောက်ခွန်ဦးစီးဌာနက အဖွဲ့ဖြင့် သတ်မှတ်သော တန်ဖိုးပေါ်တွင် အခြေခံတွက်ချက်ထားသည့် ဒဏ်ကြေး (1 AV) + ကျသင့်ခွန်ဖြင့် ရွေးယူခွင့်ပြုကြောင်း အကြောင်းပြန်ကြားခဲ့သော်လည်း လာရောက်ရွေးယူခြင်းမရှိ၍သာ သိမ်းဆည်းမိန့် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇) နှင့်အညီ အကောက်ခွန်ဦးစီးဌာနကအရေးယူဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း၊ လျှောက်ထားသူအနေဖြင့်လည်း ဥပဒေနှင့်အညီ အခွင့်အရေးအပြည့်အဝရရှိခဲ့ပြီးဖြစ်ကြောင်း ပေါ်လွင်ထင်ရှားသည်။

ဤအမှုမှ သိမ်းဆည်းခဲ့သော TV (၄) မျိုးအတွက် ဌာနဆိုင်ရာ Inventory ပါ အရေအတွက်၊ မူလအယူခံမှုတွင်တင်ပြခဲ့သော ID နှင့် ယခုပြန်လည်သုံးသပ်မှုလျှောက်ထားရာတွင် သက်သေခံချက် အသစ်အဖြစ်တင်ပြသည့် အခြားကုမ္ပဏီအမည်ပါ သွင်းကုန်ကြေညာလွှာ (ID) တွင် ဖော်ပြထားသည့် အရေအတွက်တို့ကို နှိုင်းယှဉ်ချက်အရ ID တင်ပြနိုင်ခြင်းမရှိသော MI Flat TV 43" (23) လုံး နှင့် MI Flat TV 65" (100) လုံးတို့ကိုသာ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခွင့်ရှိပြီး ကျန်ပစ္စည်းများမှာ အခွန်ဆောင်ပြီးဖြစ်၍ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း မပြုနိုင်ပါကြောင်း၊ အခွန်ပေးဆောင်ပြီး ID များ တင်ပြနိုင်သည့် MI Flat TV 32" (460) လုံး၊ MI Flat TV 43" (482) လုံး နှင့် MI Flat TV 55" (16) လုံး တို့အား ပြန်လည်ထုတ်ပေးသင့်ပါကြောင်း တင်ပြချက်နှင့်စပ်လျဉ်း၍ အခြားကုမ္ပဏီအမည်ပါ သွင်းကုန်ကြေညာလွှာ(ID)ကို သက်သေခံချက်အသစ်အဖြစ်တင်ပြစေကာမူ အဆိုပါ ကုမ္ပဏီနှင့် လျှောက်ထားသူတို့အကြားကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးအရ လက်တွေ့ဆက်စပ်ပတ်သက်မှုကိုလည်းကောင်း၊ လျှောက်ထားသူက အခင်းဖြစ်ပစ္စည်းများကို မည်သည့်နည်းလမ်းဖြင့် မည်သို့မည်ပုံ လက်ခံရရှိခဲ့ခြင်းနှင့်ပတ်သက်၍လည်းကောင်း ခိုင်မာသည့်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသဖြင့် ယင်းတို့ကတင်သွင်းခဲ့သည့်ပစ္စည်းများအနက် မည်သည့်ပစ္စည်းများသည်လျှောက်ထားသူနှင့်သက်ဆိုင်ကြောင်း ခွဲခြားထုတ်နုတ်မှတ်ယူရန် လွန်စွာခဲယဉ်းကြောင်း တွေ့ရှိရသည်။

ထို့ပြင်မူလအယူခံမှုတွင်ခုံအဖွဲ့ကကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ဆုံးဖြတ်ထားပြီးဖြစ်ခြင်း၊ ပြန်လည်သုံးသပ်မှု လျှောက်ထားရာတွင်တင်ပြထားသည့် သက်သေခံချက်အသစ်သည် စီရင်ချက်အမိန့်ကို တစ်မျိုးတစ်ဖုံပြောင်းလဲသွားစေနိုင်သည့် ခိုင်မာသောသက်သေခံချက်မဟုတ်ခြင်း၊ လျှောက်ထားသူ၏ တင်ပြချက်များသည် အမှုတွဲတွင် ပေါ်လွင်ထင်ရှားသည့်မှားယွင်းမှု သို့မဟုတ် ပျက်ကွက်မှုမျိုး မဟုတ်ခြင်း၊ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်များမှာလည်း မူလခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ပေးနိုင်လောက်သည့် အချက်အလက် တစ်စုံတစ်ရာ တင်ပြနိုင်မှုမရှိခြင်းတို့ကို တွေ့ရှိရသည်။ သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

## အမိန့်

အခွန်အယူခံခုံအဖွဲ့က ၁-၂-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ အခယ(ဖွဲ့)/၃/၀၃ (၈၀/၂၀၂၂) ဖြင့် ၂၀၂၁ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ် - ၆ တွင် ချမှတ်ခဲ့သည့်အမိန့်ကို အတည်ပြုလျက် ဤပြန်လည်သုံးသပ်မှုကို ပလပ်လိုက်သည်။

| ရီရီမြင့် | ဇေယျကြည်ညွန့် | ဝင်းတင် |
|---|---|---|
| ခုံအဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | ခုံအဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကာကွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉၃/၂၀၂၂ အရ ကာကွယ်ရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|
| (က) ဦးဇော်နိုင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာဦးစီးဌာန |
| ( ခ ) ဦးမျိုးဇော်ဇော် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းရေးရာဦးစီးဌာန |

ဗိုလ်ချုပ်ကြီး မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၁၀၀၀/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃၄/မန္တလေး)၊ ဦးပိုင်အမှတ် (၁$^{က/၂}$၊ ၁၈$^{ခ/၃}$၊ ၁$^{က/၃}$) ရှိ **မြေဧရိယာ ၅.၀၀ ဧက** အား **မွန်ပြည်နယ်တရားလွှတ်တော်ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၀၁/၂၀၂၂)

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ ရွာတောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၂၀/ရွာတောကွင်း)၊ ဦးပိုင်ပေါင်း (၄၈) ခုရှိ **မြေဧရိယာ ၁၂၇.၆၉ ဧက** အား **မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်အောင်ရေနံမြေ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၀၃/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၇၇-သောတာပန်မြောက်)၊ မြေကွက်အမှတ် (F-၉၆/၃၈၇) ရှိ **သီတဂူဝိပဿနာ အကယ်ဒမီ ကျောင်းတိုက် အခွန်လွတ်သာသနာ့မြေဧရိယာ ၃၀.၀၀ ဧက** အနက်မှ **၀.၄၆ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးစိုးဝင်း [၅/စကန (နိုင်) ၀၄၀၇၂၇] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၀၂/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၄/ဆန်းချီတိုးချဲ့မြို့သစ်)၊ ဦးပိုင်အမှတ်-၄၉၊ ၅၀ တို့ရှိ **မြေဧရိယာ ၀.၁၁၀ ဧက** အား **အမှတ် (၂) သတ္တုတွင်းလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၀၁၃/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ ရိုးဂိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (OSS)၊ ဦးပိုင်အမှတ် (၁) ရှိ **သာမညစကြာတောင်ကျောင်းတိုက် အခွန်လွတ်သာသနာ့မြေဧရိယာ ၃.၅၀ ဧက** အနက်မှ **၀.၀၈ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၄ နှင့်အညီ သိမ်ဒါယကာ ဦးမင်းရွှေထွန်း [၁၀/မလမ (နိုင်) ၁၆၃၈၉၅] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀၁၄/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၉)၊ ပိတောက်မြိုင် (တ)၊ ဦးပိုင်အမှတ်-၄၀ ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် **မြေဧရိယာ ၀.၅၀၀ ဧက** အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၃၄)/၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၅၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၆၂၄/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးမျိုးတင့် အား ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် နံနက်ပိုင်းမှ အစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ အပိုဒ် ၈၁ အရ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက် နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

အမှတ် ၁၅၁။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၂၂) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ အရာထမ်း (၁) ဦးအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်** | **လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ** |
|---|---|---|
| ဦးကျော်ဝင်းလွင် | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ | လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၀၉/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၂၂) အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင် ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၁၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ တိုင်းဒေသကြီးရုံး (မန္တလေး) မှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်ခင်အုံး အား ရုံးချုပ်တွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၁၄/၂၀၂၂)**

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ ရုံးချုပ်မှ လက်ထောက်အထွေထွေမန်နေဂျာ (စက်မှု)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးဇော်မိုးအေး အား လှူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) တွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (စက်မှု)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၁၅/၂၀၂၂)

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ သင်ကြားလေ့ကျင့်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးလှမိုး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (စီမံ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၇၅/၂၀၂၂)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Myanmar CNMC Nickel Co., Ltd (M CNICO) တို့သည် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ တကောင်းတောင်ဒေသ၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဖယ်ရိုနီကယ်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပါကုမ္ပဏီဘက်မှ ကိုယ်စားလှယ် (၄) ဦးနှင့် မြန်မာဘက်မှ ကိုယ်စားလှယ် (၅) ဦးပါဝင်သည့် ပူးတွဲစီမံခန့်ခွဲရေးကော်မတီ (Joint Management Committee – JMC) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာ သိန်းစိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်ဇင်ဦး | အထွေထွေမန်နေဂျာ<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ဂ) | ဦးဇော်အောင် | လက်ထောက်အတွင်းဝန် ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးရဲမျိုးမင်း | ဒုတိယအထွေထွေမန်နေဂျာ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (င) | Mr.Guo Ran | Chairman Myanmar CNMC Nickel Co.,Ltd | အဖွဲ့ဝင် |
| (စ) | Mr.Luo Hongwei | Managing Director Myanmar CNMC Nickel Co.,Ltd | အဖွဲ့ဝင် |
| (ဆ) | Mr.Hu Hao | Chief Accountant Myanmar CNMC Nickel Co.,Ltd | အဖွဲ့ဝင် |
| (ဇ) | Mr.Ye Jinchen | Manager of Sales & Purchase Department Myanmar CNMC Nickel Co.,Ltd | အဖွဲ့ဝင် |
| (ဈ) | ဦးပြည့်စုံကျော် | ဒုတိယအထွေထွေမန်နေဂျာ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အတွင်းရေးမှူး |

၂။ ဥက္ကဋ္ဌနှင့် ပူးတွဲစီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့် ဝတ္တရားများမှာ ယခင်ဖွဲ့စည်းထားသည့် လုပ်ငန်းတာဝန်များအတိုင်းဖြစ်သည်။

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၁၈) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၀၇၆/၂၀၂၂)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ SIMCO Song Da Joint Stock Company တို့သည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ နေပူတောင်ဒေသတွင် မာဘယ် (အလှဆင်) ကျောက် အကြီးစားထုတ်လုပ်မှုလုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကုမ္ပဏီမှ ကိုယ်စားလှယ် (၄) ဦးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၄) ဦးတို့ပါဝင်သည့် ပူးတွဲစီမံခန့်ခွဲရေး

ကော်မတီ (Joint Management Committee – JMC) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည်–

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာ သိန်းစိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | ဥက္ကဋ္ဌ |
| ( ခ ) | ဦးကျော်ဇင်ဦး | အထွေထွေမန်နေဂျာ<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| ( ဂ ) | ဦးစိုးနိုင် | လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဃ) | Mr.Nguyen Van Thanh | Chairman<br>Viet Trang J.S Co | အဖွဲ့ဝင် |
| ( င ) | Mr.Nguyen Si Hien | Chairman<br>Simco Song Da J.S Co | အဖွဲ့ဝင် |
| ( စ ) | Mr.Nguyen Cong Kien | Chairman<br>Hoang Lien Son J.S Co | အဖွဲ့ဝင် |
| (ဆ) | Mr.Duong Van Toan | Director<br>Simco Song Da J.S Co | အဖွဲ့ဝင် |
| ( ဇ ) | ဦးရဲမျိုးမင်း | ဒုတိယအထွေထွေမန်နေဂျာ<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အတွင်းရေးမှူး |

၂။ ဥက္ကဋ္ဌနှင့် ပူးတွဲစီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့် ဝတ္တရားများမှာ ယခင်ဖွဲ့စည်းထားသည့် လုပ်ငန်းတာဝန်များအတိုင်း ဖြစ်သည်။

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၅၁/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာ ကောလိပ် (နေပြည်တော်) နှင့် အင်္ဂလိပ်ဘာသာသက္ကမ်းကျင်မှု သင်တန်းကျောင်းတို့၏ ဖွဲ့စည်းပုံအားရယူပြီး အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်တွင် နေပြည်တော်နည်းပညာတက္ကသိုလ်အဖြစ် အဆင့် တိုးမြှင့်၍ အရာထမ်းရာထူး (၂၂၀) နေရာ၊ အမှုထမ်းရာထူး (၃၁၁) နေရာ စုစုပေါင်းရာထူး (၅၃၁) နေရာဖြင့် ဖွဲ့စည်းလိုက်သည်။

ဒေါက်တာ မျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၃/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ကိုယ်ပိုင်အမှတ် ဆ/၁၅၈၄၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဆန်းလွင် အား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၂၂) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၀/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၂) ၏ အတည်ပြုချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အီးအေ (၁) အရာရှိ ကြည်း ၃၂၉၅၄၊ ဗိုလ်မှူး နေမင်းဟန် အား ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန (ရုံးချုပ်) စီမံ/ဘဏ္ဍာဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)၊ လက်ထောက်ညွှန်ကြားရေးမှူးရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှစ၍ တာဝန်ချထားလိုက်သည်။

ဒေါက်တာ သက်သက်ခိုင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၈၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

**ညွှန်ကြားရေးမှူးချုပ် ပြောင်းလဲခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၉၃/၂၀၂၂ အပိုဒ် ၁ အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင် အား ရုံးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၀၉/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

## အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် အုပ်ချုပ်မှုစရိတ်သတ်မှတ်ခြင်း

၁။　နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀၄/၂၀၂၂ ဖြင့် ဤရုံး၊ ရုံးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင် ကို အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့၏ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခဲ့ပါသည်။

၂။　ဤရုံး၊ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများ၏ တာဝန်များကိုပါ တာဝန်ခံဆောင်ရွက်ရသည့်အတွက် လစဉ် အုပ်ချုပ်မှုစရိတ် ၂၀၀,၀၀၀ိ/- (ကျပ်နှစ်သိန်းတိတိ) ကို ခံစားခွင့်ပြုလိုက်သည်။

တင်ဦး

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

## အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင် အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀၃/၂၀၂၂ အရ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ပူးတွဲတာဝန်ထမ်းဆောင်သည်။

သန်းသန်းဆွေ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကချင်ပြည်နယ်အစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၂)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၄ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဖွဲ့စည်းပုံပါအင်ဂျင်နီယာဌာနခွဲတွင် အင်ဂျင်နီယာမှူး (မြို့ပြ) (၁) ဦးသာရှိပြီး လုပ်ငန်းလိုအပ်ချက်အရ ထပ်မံ၍ အင်ဂျင်နီယာမှူး (မြို့ပြ) (၁) ဦး တိုးချဲ့ဖွဲ့စည်းခွင့်ပြုနိုင်ရေး တင်ပြလာမှုနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကချင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၂) ဆုံးဖြတ်ချက်အပိုဒ် (၂၇) အရ တိုးချဲ့ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၂)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်စုနန္ဒာထွေး၊ ဒုတိယဦးစီးမှူးအား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၂)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်ဥမ္မာအောင်၊ ဒုတိယဦးစီးမှူးအား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ခက်ထိန်နန်

ပြည်နယ်ဝန်ကြီးချုပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာ (၄၅/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်နှင့် အမည် (၄/ရွှေကြာပင်) မြေကွက်အမှတ် (B-9) ရှိ **မြေဧရိယာ ၃.၁၄ ဧက** အား **မောင်ညိုဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၄၆/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၁၁၉၆/သိမ်တော်ကုန်း-S)၊ ဦးပိုင်အမှတ် (၁၉) ရှိ **မြေဧရိယာ ၃.၁၇ ဧက** အား **ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟအသင်းသာသနာ့ဗိမာန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ဂေါ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၆၉က/ဝန္တာမိတောင်တန်းကွင်း)၊ ဦးပိုင်အမှတ် (၁၇၄/၁) ရှိ မြေဧရိယာ ၀.၄၇ ဧကနှင့် ဦးပိုင်အမှတ် (၁၆၉/၃) ရှိ မြေဧရိယာ ၀.၀၆ ဧက **စုစုပေါင်းမြေဧရိယာ ၀.၅၃ ဧက** အား **ဂေါ့သရက်တောဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အကောက်ခွန်ဦးစီးဌာန**

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

အမှတ် ၂၀။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြေကွက်အမှတ် ၁၈၀–အေ၊ ရွာသာကြီး၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ KM Terminal and Logistics Limited ၏ Indoor Bonded Warehouse တိုးချဲ့ဧရိယာ ၄,၆၁၇ စတုရန်းမီတာ (4,617 Sqm) အကျယ်အဝန်းအား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှစ၍ အများနှင့်ဆိုင်သော အကောက်ခွန်ကုန်လှောင်ရုံအဖြစ် သတ်မှတ်လိုက်သည်။

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

အမှတ် ၂၁။ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဝက်ထိုးကွင်းအမှတ် (၆၈)၊ ချောင်းစောက်ကျေးရွာရှိ Ayeyarwaddy International Industrial Port မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာ့တန်းမြင့်ဆန် တန်ချိန် ၃၀,၀၀၀ တင်ပို့ရန်အတွက် အဆိုပါ ဆိပ်ကမ်းအား ယာယီအပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချဆိပ်ကမ်းအဖြစ် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့အထိ သတ်မှတ်လိုက်သည်။

သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### C.S UNDERWEAR COLLECTION COMPANY LIMITED
### ဖျက်သိမ်းရန်ကြေညာချက်

၁။ **C.S UNDERWEAR COLLECTION COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၄၀၊ ပထမထပ်၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဇာနည်ညို B.Com., CPA., LCCI., M.S.A (အစိုးရအသိအမှတ်ပြုလက်မှတ်ရစာရင်းကိုင်နှင့် စာရင်းစစ်) [၁၂/ဗတထ (နိုင်) ၀၂၄၀၄၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို ကြော်ငြာသည့်နေ့မှ (၁) လအတွင်း ဒေါ်ဇာနည်ညိုထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

WIN ZAW
MANAGING DIRECTOR
C.S UNDERWEAR COLLECTION COMPANY LIMITED

ဒေါ်ဇာနည်ညို
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
C.S UNDERWEAR COLLECTION COMPANY LIMITED
Phone: 09–4320–1827, 09–513–2325
Phone : 01–8397008, 01–8294491

## YATI TUN COMPANY LIMITED

## ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **YATI TUN COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၁၉၅)၊ မြသီတာလမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါက်တာ မြမာလာအေး [တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၅၂)] အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါက်တာ မြမာလာအေး [တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၅၂)] နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| U HAN MYINT | ဒေါက်တာ မြမာလာအေး |
| MANAGING DIRECTOR | တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၅၂) |
| YATI TUN COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## Texplus Garment Company Limited

## (အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

## နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

Texplus Garment Company Limited ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ နံနက် (၁၀:၃၀) နာရီအချိန်တွင် ရော်ဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ပုသိမ်စက်မှုဇုန်၊ ငပုတောလမ်း၊ Plot No–C13 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ

B.Com, CPA (210)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**LMS COMPANY LIMITED**

**(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

**LMS COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ နံနက် (၁၀:၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာ ၆ ရပ်ကွက်၊ အမှတ်-၅/၁ (က) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ (၂၁၀)
B.Com, CPA
ZIN & FRIENDS AUDIT FIRM
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Mitsui E & S Machinery Co., Ltd (Yangon Branch)**

လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၄၇(က) အရ

မြန်မာပြည်ရုံးခွဲဖျက်သိမ်းကြောင်းကို အများသိစေရန်ကြော်ငြာခြင်း

**Mitsui E & S Machinery Co., Ltd (Yangon Branch)** သည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှစ၍ ဆန္ဒအလျောက် မြန်မာပြည်ရုံးခွဲကို ဖျက်သိမ်းမည်ဖြစ်ပါသည်။ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ခင်ချို (လက်မှတ်ရပြည်သူ့စာရင်းကိုင်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။ သို့ဖြစ်ပါ၍ Mitsui E & S Machinery Co., Ltd (Yangon Branch) မြန်မာပြည်ရုံးခွဲနှင့်သက်ဆိုင်သော ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများအတွက် ဆက်သွယ်ပေးပါရန် အများသိစေရန် ကြော်ငြာအပ်ပါသည်။

Mr. Akaeda Akihiko
ဒါရိုက်တာ
Mitsui E&S Machinery Co.,Ltd (Yangon Branch)

ဒေါ်ခင်ချို
လက်မှတ်ရပြည်သူ့စာရင်းကိုင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၈၀)၊ မြေညီထပ်၊ နံ့သာလမ်း၊ အလုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
Ph: 09-454479554

## GENERAL TRADELINK COMPANY LIMITED

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအကြိမ်အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးအသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| နေ့ရက်၊ အချိန် | - | ၂၅-၁၂-၂၀၂၂၊ နံနက် (၁၀း၀၀) နာရီ |
| နေရာ | - | အမှတ်-၁၄၁၊ ၄ လွှာ (B)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေးတောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

ဦးထွန်းလင်းလတ်
မန်နေးဂျင်းဒါရိုက်တာ
GENERAL TRADELINK COMPANY LIMITED

ဒေါ်ပပရှိန်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
B.Com, CPA, A.C.P
အမှတ်-၁၁၊ ပထမထပ်၊ ဝတ်ကျောင်းလမ်း၊
(၉) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## A H P COMPANY LIMITED

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအကြိမ်အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးအသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| နေ့ရက်၊ အချိန် | - | ၂၅-၁၂-၂၀၂၂၊ နံနက် (၁၀း၀၀) နာရီ |
| နေရာ | - | အမှတ်-၁၆၁၊ ၈ လွှာ၊ လမ်း ၃၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

MIN THAN HLAING
MANAGING DIRECTOR
A H P COMPANY LIMITED

ဒေါ်ပပရှိန်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
B.Com, CPA, A.C.P
အမှတ်-၁၁၊ ပထမထပ်၊ ဝတ်ကျောင်းလမ်း၊
(၉) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

Notice Under Section 208 (E) Myanmar Companies Act

**AGRITERRA TRAINING AND ADVICE MYANMAR LIMITED**

(Members Voluntary Winding–up)

Invitation to Final Meeting

A final meeting of **Agriterra Training And Advice Myanmar Limited** will be held on (02.12.2022) No.27, Room 502, Aung Zay Ya Street, 14 Quarter, Yankin Township, Yangon Region, Myanmar–

- Liquidator's report and return will be presented at the meeting.
- All members are invited to attend.

U Zin Wai
B.Com, CPA
Liquidator

Agriterra Training and Advice Myanmar Limited
No.27, Aung Zay Ya Street, ROOM–502, 14 Quarter, Yankin Township, Yangon, MYANMAR.